ရောင်းမှ

The Mirror Daily

Established in 1957

၁၉၅၇ ခေါ် ၁၆ တွင် စတင်တည်ထောင်သည်။

လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 3 August 2022 ၁၀စာမျက်နှာ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ဆင်ဖြူတော်ပေါ်ထွန်းကြောင်း သတင်းထုတ်ပြန်ချက်

နေပြည်တော်၊ ၂-၈-၂၀၂၂

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းမှ ထိန်းကျောင်းထားရှိသော ဆင်ဝိုင်းမှ ဆင်မ ဇာနန်းလှ၊ အသက် ၃၃ နှစ်က ထူးခြားအသွင်သဏ္ဌာန်ရှိသည့် ဆင်ဖြူတော် (အထီး) ကလေး (၁)စီးအား ၂၃-၇-၂၀၂၂ ရက်နေ့ နံနက်ပိုင်း မင်္ဂလာအချိန် ၀၆:၃၀ နာရီတွင် မွေးဖွားခဲ့ပြီး အဆိုပါ ဆင်ဖြူတော်ကလေးမှာ အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၁ လက်မ၊ ကျောအလျား ၂ ပေ၊ အမြီးအလျား ၁ ပေ ၆လက်မနှင့် မွေးဖွားစ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့် ရှိပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ယနေ့ ဖတ်စရာ

နိုင်ငံအကျိုးပြုပညာရေးဆီသို့ . . .

စာမျက်နှာ ၆

မန္တလေးတိုင်းဒေသကြီး၌ သြဂုတ်လအတွင်း ရွာသွန်းမြဲခန့် မိုးရွာသွန်းနိုင်ပြီး ရွာသွန်းရက် ၉ ရက်မှ ၁၄ ရက်ခန့်ရှိနိုင်

စာမျက်နှာ ၈

ဆည်တာတမံအလိုက် အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုများ အလေးထားဆောင်ရွက်လျက်ရှိ

စာမျက်နှာ ၉

မိတ္ထီလာ၌ စားအုန်းဆီတစ်ပိဿာ ငွေကျပ် ၄၂၀၀ နှုန်းဖြင့် ဈေးနှုန်းသက်သာစွာ ရောင်းချပေး

မိတ္ထီလာ သြဂုတ် ၂

မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း၏ အစီအစဉ်ဖြင့် မိတ္ထီလာမြို့ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ လူတစ်ဦးလျှင် စားအုန်းဆီတစ်ပိဿာ ငွေကျပ် ၄၂၀၀ နှုန်းဖြင့် မိတ္ထီလာမြို့တွင်းနေရာ လေးခုတွင် ယနေ့နံနက်ပိုင်းက ရောင်းချပေးကြောင်း သိရသည်။

မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းရဲ့အစီအစဉ်နဲ့ မိတ္ထီလာမြို့ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းကနေ ဒီနေ့ မြို့တွင်းနေရာ လေးခုမှာ လူတစ်ဦးကို စားအုန်းဆီတစ်ပိဿာ ငွေကျပ် ၄၂၀၀ နှုန်းနဲ့ လက်လီရောင်းချပေးတာပါ။ ဈေးအနောက်ဘက်ကန်ပတ်လမ်း၊ ဝန်ဇင်းရပ်ကွက်၊ သီရိမင်္ဂလာရပ်ကွက်၊ အဝေးပြေးခရီးသည်တင်ယာဉ်ရပ်နားစခန်း နေရာဟောင်းနဲ့ ဝါသုတိုးချဲ့ရပ်နေရာ တွေမှာ ကားနဲ့ လှည့်လည်ရောင်းချပေးတာပါ။ နေရာတစ်နေရာမှာ စားအုန်းဆီ ပိဿာချိန် ဖဖ၀ ကုန်အောင်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐

ကြားမှု

ရှေ့သို့ချီမည် ပန်းတိုင်ဆီ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့သည့် အချိန်ကာလ ၁၈ လ (တစ်နှစ်နှင့်ခြောက်လ) ပြည့်မြောက်ခဲ့သော ၂၀၂၂ ခုနှစ် သြဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့သည့် ပကတိအခြေအနေမှန်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရက နိုင်ငံနှင့်ပြည်သူအတွက် ဆောင်ရွက်ချက်များနှင့် ဆက်လက်တာဝန်ယူ ထမ်းဆောင်သွားမည့် အခြေအနေများကို ပြောကြားခဲ့သည်။

နိုင်ငံတော်၏အနာဂတ်ခရီးကို ဆက်လက်ထမ်းဆောင်နိုင်ရေးတွင် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရန်အတွက် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရှိရေး၊ ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် မည်သည့်ပုံစံနှင့်မဆို ခြိမ်းခြောက်အကျပ်ကိုင်၊ ဖိအားပေးခံရခြင်းမရှိဘဲ မိမိဆန္ဒအတိုင်း မဲပေးနိုင်ရေး၊ လာမည့်ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို တစ်နိုင်ငံလုံး လွတ်လပ်ပြီး တရားမျှတစွာဖြင့် နေရာအနှံ့အကြားအလပ်မရှိကျင်းပနိုင်ရေးတို့သည် အရေးကြီးသည့်အချက်များဖြစ်သည်။ ရွေးကောက်ပွဲတွင် တရားမျှတမှုနှင့် ခြိမ်းခြောက်အကျပ်ကိုင်မှုများ မရှိစေရေးအတွက် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးသည် အဓိကကျသဖြင့် ရွေးကောက်ပွဲကျင်းပရေးအတွက် နိုင်ငံရေးနှင့်လုံခြုံရေးအခြေအနေ အမြန်ဆုံး တည်ငြိမ်ဖို့ ပြည်သူ့လုံခြုံရေးစနစ်ကို မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပြောကြားခဲ့သည်။

လာမည့် ၂၀၂၃ ခုနှစ် ဧနှစ်ဝါရီလ ၄ ရက်နေ့သည် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်သည်။ ယခုနှစ်သည် စိန်ရတုပြည်ထောင်စုနေ့ကာလဖြစ်၍ မြန်မာနိုင်ငံ၏ အရေးပါသောကာလများကို ငြိမ်းချမ်းရေးနှစ်သတ်မှတ်ပြီး ငြိမ်းချမ်းရေးအား လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိသည်။ တွေ့ဆုံဆွေးနွေးမှုတွင် ရလဒ်ကောင်းများရရှိခဲ့သဖြင့် ကျန်ရှိသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အားလုံးပါဝင်ဆွေးနွေးကြခြင်းဖြင့် နိုင်ငံ၏အနာဂတ်ကောင်းမွန်လာမည်ဖြစ်သည်။ လက်ရှိကာလတွင် နိုင်ငံ၏ဒေသအချို့၌ လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပေါ်လျက်ရှိရာ EAO အဖွဲ့အချို့က ထောက်ပံ့ကူညီပါဝင်နေသဖြင့် ယင်းကို နိုင်ငံတော်အစိုးရက အလေးထားဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းထောင်ချီကာလမှစ၍ တိုင်းရင်းသားလူမျိုးများ စုပေါင်းနေထိုင်ကြသော နိုင်ငံဖြစ်သည်။ ရှေးက နယ်မြေဒေသအုပ်ချုပ်ရေးပုံစံကွဲပြားသော်လည်း ပင်မအုပ်ချုပ်ရေးပုံစံဖြင့် အုပ်ချုပ်ခဲ့သည်။ နိုင်ငံလွတ်လပ်ရေးအတွက် ကြိုးပမ်းရာတွင် ပြည်ထောင်စုတစ်ခုလုံး စည်းလုံးညီညွတ်မှုဖြင့် လွတ်လပ်ရေးရယူခဲ့သည်။ ထို့ကြောင့် အစဉ်အဆက် ပြည်ထောင်စုစနစ်ဖြင့် တည်ဆောက်ထားသောနိုင်ငံကို ခိုင်မာသည်ထက်ခိုင်မာအောင် တည်ဆောက်နိုင်မှသာလျှင် နိုင်ငံတော် အခွန်ရှည်တည်တံ့ခိုင်မြဲမည်ဖြစ်သည်။ ပြည်ထောင်စုကြီး အနာဂတ်ရှေ့ခရီးတွင် နိုင်ငံတော်ကြီး တည်တံ့ခိုင်မြဲဖို့၊ နိုင်ငံသားအားလုံး ဒီမိုကရေစီ အခွင့်အရေးကို တန်းတူညီမျှခံစားနိုင်ဖို့အတွက် နိုင်ငံရေးအရ ပြုပြင်ဆောင်ရွက်ခြင်းနှင့် တိုင်းရင်းသားရေးအရ ပြုပြင်ဆောင်ရွက်ခြင်းတို့ကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ပြုလုပ်ခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ သုံးကြိမ်ကျင်းပခဲ့သော အတွေ့အကြုံအရ ရွေးကောက်ပွဲနှင့်ပါတီများအားလုံး၏ အားသာချက်၊ အားနည်းချက်၊ သင်ခန်းစာ စသည်တို့ကို များစွာရရှိခဲ့ပြီးဖြစ်သည်။ ထိုအချက်များအပေါ်မူတည်၍ နိုင်ငံရေးအရ ပြုပြင်ဆောင်ရွက်မှုများ ပြုလုပ်နေပြီဖြစ်သည်။ တိုင်းရင်းသားရေးအရ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား ဖိတ်ခေါ်ဆွေးနွေးခဲ့ရာ ဆွေးနွေးပြီးသမျှလက်ခံအဆင်ပြေခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန်အတွက် လွတ်တော်အတွင်း၌ တိုင်းရင်းသားပြည်သူများ ပါဝင်ဆွေးနွေးနိုင်ရန် အထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်သည်များကို စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ပြည်ထောင်စုကြီး အငွန်ရှည်တည်တံ့ခိုင်မြဲရေး၊ အေးချမ်းသာယာဝပြောရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါသည်။ ရွေးကောက်ပွဲကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံး ပါဝင်ဆောင်ရွက်မှသာ တိုင်းရင်းသားပြည်သူအားလုံး အပြည့်အဝပါဝင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ပါဝင်ရန် ကျန်ရှိနေသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ပြည်ထောင်စုကြီး ရှေ့ရေးကိုဦးစားပေး၍ ပါဝင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

သို့ဖြစ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က "ရှေ့သို့ချီမည် ပန်းတိုင်ဆီ" (Keep Moving Forward to Achieve Our Goal) ဆိုသည့်အတိုင်း နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး ပိုမိုကောင်းမွန်သည့် နိုင်ငံတော်နှင့် လူမှုစီးပွားဘဝများကို တည်ဆောက်ပေးသွားမှာ ဖြစ်ကြောင်း အသိပေးထားသောကြောင့် တိုင်းရင်းသားပြည်သူအားလုံး အတူတကွ လက်တွဲပါဝင် ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

ဦးအောင်ကျော်ဇံအား ဘရာဇီးလ်ဖက်ဒရယ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

နေပြည်တော် သြဂုတ် ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် နိုင်ငံခြားရေးဝန်ကြီးဌာန စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်ဇံအား ဘရာဇီးလ်ဖက်ဒရယ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်း ခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး အဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ **သတင်းစဉ်**

သာယာဝတီမြို့၌ မိုးစပါးစံပြစိုက်ကွက်များ Mobile Solar Pump ဖြင့် ရေတင်ခြင်းလုပ်ငန်းဆောင်ရွက်

သာယာဝတီ သြဂုတ် ၂

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့၌ မိုးရွာသွန်းမှု နည်းပါးသည့်အတွက် ကျွန်းကုန်းကျေးရွာရှိ တောင်သူဒေါ်အေးစန်း၏ GW-11 တစ်ဧက တင်း ၁၀၀ အထက် မိုးစပါးစံပြစိုက်ကွက် ဧက ၃၀ အား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထောက်ပံ့ကူညီမှုဖြင့် Mobile Solar Pump ဖြင့် ရေတင်ခြင်းလုပ်ငန်းကို ယနေ့ နံနက် ၉ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းဝင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးဆန်းဟိုနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သန့်ဇော် (ပြန်/ဆက်)

တောင်ငူမြို့နယ်၌ စုဆောင်းငွေပေါ်အတိုးနှင့် အမြတ်ငွေများ ပေးအပ်

တောင်ငူ သြဂုတ် ၂

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ပညာကျန်းမာငွေစုငွေချေးသမဝါယမအသင်းလီမိတက်က အသင်းသားပြည်သူများ စားဝတ်နေရေးအဆင်ပြေစေရန်နှင့် လူမှုရေး၊ ကျန်းမာရေးကိစ္စများတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ အသင်းမှ အသင်းသား ၁၉၅၀ အား စုဆောင်းငွေပေါ် အတိုးငွေကျပ် ၁၃၉ သိန်းကျော်၊ အစုပေါ်အမြတ်ငွေကျပ် ၁၀၅ သိန်းကျော်နှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုငွေကျပ်ခြောက်သိန်းကျော်တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂-၈-၂၀၂၂)

ကုမ္ဗဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၇,၂၀၀	၇,၁၀၀	၁၆၃	၁,၁၆၄,၄၀၀
MTSH	၂,၄၅၀	၂,၄၅၀	၂,၆၂၀	၆,၄၁၃,၀၀၀
MCB	၇,၀၀၀	၇,၀၀၀	၆	၄၂,၀၀၀

FPB	၁၈,၀၀၀	၁၇,၅၀၀	၄	၇၀,၅၀၀
TMH	၂,၄၀၀	၂,၃၅၀	၅၂	၁၂၂,၂၅၀
EFR	၂,၄၅၀	၂,၄၅၀	၁၂၉	၃၁၀,၀၅၀
AMATA	၅,၀၀၀	၅,၀၀၀	၀	၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် သြဂုတ် ၂

နိုင်ငံခြားငွေလဲလှယ်နှုန်း			မြန်မာငွေကျပ်
(က) အမေရိကန်	တစ်ဒေါ်လာ	=	၁၈၅၀.၀
(ခ) ဥရောပ	တစ်ယူရို	=	၁၈၉၃.၅
(ဂ) တရုတ်	တစ်ယွမ်	=	၂၇၃.၇၇
(ဃ) ထိုင်း	တစ်ဘတ်	=	၅၁.၁၉၇
(င) မလေးရှား	တစ်ရင်းဂစ်	=	၄၁၅.၃၆
(စ) အိန္ဒိယ	တစ်ရုပီး	=	၂၃.၅၁၅
(ဆ) သြစတြေးလျ	တစ်ဒေါ်လာ	=	၁၂၈၀.၈
(ဇ) စင်ကာပူ	တစ်ဒေါ်လာ	=	၁၃၄၁.၀
(ဈ) ဂျပန်	တစ်ရာယန်း	=	၁၄၁၄.၂
(ည) တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၄၁.၄၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြားမှု

စာတည်းမှူးချုပ်	- ဦးစိုးစိုးနိုင်	**အကြီးတန်း သတင်းထောက်များ**	- ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဌ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
စာတည်းမှူး	- ဦးဝင်းနိုင်		
စာတည်းများ	- ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး	**အငယ်တန်း သတင်းထောက်များ**	- ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
		သုတေသန	- ဒေါ်ဇင်မာဝင့်
ဘာသာပြန်	- ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ	**စာပြင်**	- ဒေါ်မြသီတာနှင့်အဖွဲ့
စာတည်းများ		**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း**	- ဦးကျော်သူရနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀ဖြင့၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀ဖြ၇-၃ဖြ၁၂ဖ၊ စာတည်းအဖွဲ့ ၀ဖြ၇-၃ဖြ၁၂၈၊ ၀ဖြ၇-၃ဖြ၁၃၀၊ ဖက်စ် ၀ဖြ၇-၃ဖြ၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈ဖြ၁၀ဖြ၈၅ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

မြန်မာနိုင်ငံ၏ အပြာရောင်စီးပွားရေး ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒများဖော်ထုတ်နိုင်ရေးအတွက် အခြေခံကျသော နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတဘက်စုံစီမံအုပ်ချုပ်ရေးအစီအစဉ်ကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိ

နေပြည်တော် သြဂုတ် ၂

နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု လုပ်ငန်းကော်မတီ၏ ဒုတိယအကြိမ်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိသစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပသည်။

တက်ရောက်

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဥက္ကဋ္ဌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးနှင့် လုပ်ငန်းကော်မတီဝင်များ တက်ရောက်ကြပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်သယံဇာတရေးရာဝန်ကြီးများက Virtual စနစ်ဖြင့် တက်ရောက်သည်။

ရှေးဦးစွာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက နိုင်ငံတော်၏ သဘာဝသယံဇာတထိန်းသိမ်းရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိရာ နိုင်ငံ၏ကမ်းရိုးတန်းနှင့် ဒီရေတောကဏ္ဍဆိုင်ရာ စီမံအုပ်ချုပ်လုပ်ကိုင်မှု လုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်စေရန် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အပြာရောင်စီးပွားရေး (Blue Economy) သည် ပင်လယ်၊ သမုဒ္ဒရာနှင့် သက်ဆိုင်သော စီးပွားရေးဖွံ့ဖြိုးမှု သက်သက်ကို ဆောင်ရွက်ခြင်းမဟုတ်ဘဲ ပင်လယ်ကမ်းရိုးတန်းသယံဇာတများ ရေရှည်တည်တံ့ရေး၊ ပင်လယ်သမုဒ္ဒရာဂေဟစနစ်တည်ငြိမ်ရေး၊ ပင်လယ်များနှင့် ထိစပ်လျက်ရှိသော ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်စေရေးအတွက် ဦးတည်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အပြာရောင်စီးပွားရေး ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒများဖော်ထုတ်နိုင်ရေးအတွက် အခြေခံကျသော နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတဘက်စုံစီမံအုပ်ချုပ်ရေး အစီအစဉ်ကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိကြောင်း။

မြန်မာနိုင်ငံကမ်းရိုးတန်းသည် ဘင်္ဂလားပင်လယ်အော်ဂေဟစနစ်တစ်ခုလုံး၏ ငါးပုံ သုံးပုံကို ပိုင်ဆိုင်ထားပြီး ကမ်းရိုးတန်းနှင့် အဏ္ဏဝါဂေဟစနစ်များ စုံလင်စွာတည်ရှိနေကြောင်း၊ အဏ္ဏဝါဇီဝမျိုးစုံ မျိုးကွဲများ၊ သန္တာကျောက်တန်းများ၊ ဒီရေတောများ၊ ပင်လယ်မြက်ခင်းများ၊ ငါးပုစွန်ရေထွက်သယံဇာတများ ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့နေရသည့်အပေါ် ဖြေရှင်းဆောင်ရွက်နိုင်ရေး၊ ၎င်းတို့၏ အကျိုးဆက်အနေဖြင့် အစားအစာလုံခြုံစိတ်ချမှုများ လျော့ပါးလာခြင်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လျော့နည်းလာခြင်းကို ဖြေရှင်းဆောင်ရွက်နိုင်ရေး၊ ပင်လယ်အတွင်း ပလတ်စတစ်အမှိုက်များ၊ လျှပ်စစ်စွန့်ပစ်ပစ္စည်းများ၊ စိုက်ပျိုးစွန့်ပစ်ပစ္စည်းများစသော အမှိုက်စွန့်ပစ်မှုများ ထိန်းချုပ်နိုင်ရေး စသည့်လက်ရှိစိန်ခေါ်မှုများကို ထိထိရောက်ရောက် ဖြေရှင်းဆောင်ရွက်သွားရန်အတွက် ဒေသစုံ၊ ကဏ္ဍစုံ၊ ဌာနစုံပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ပြီး ရေရှည်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက အမှာစကား ပြောကြားပြီး ကော်မတီအတွင်းရေးမှူးက ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကော်မတီဝင်များက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆောင်ရွက်နေမှု၊ တွေ့ကြုံရသည့် အခက်အခဲများ၊ ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများကို ဆွေးနွေးပြီး ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

☆ ရှေ့ဖုံးမှ

ရှေးသမိုင်းပညာရှိများ၏ မိန့်ဆိုချက်များအရ ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာများသည် **မျက်လုံး ပုလဲရောင်၊ ၄က်ပျောကိုင်းသဏ္ဌာန်ကျောကုန်း၊ အဖြူကဲ့သို့ အမွေးရောင်၊ အမြီးမှာ တံခါးပိတ်လက်ဝါးပုံသဏ္ဌာန်၊ အရေပြား သြဇာကွက်၊ အသားအရေ ပန်းရောင်၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း ငါးခုစီပါပြီး နားရွက်မှာ နားကြီးခြင်းတို့** ရှိရမည်ဖြစ်ကြောင်း အချက်ရှစ်ချက်ဖြင့်ဖော်ပြထားပါသည်။

အထက်ဖော်ပြပါ ရခိုင်ပြည်နယ်တွင် ထပ်မံပေါ်ထွန်းသည့် ဆင်ဖြူတော်(အထီး) ကလေးသည် ဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာများအနက် **မျက်လုံး ပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ၄က်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီး တံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ သြဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်းတို့ကြောင့်** ဆင်ဖြူတော်ကလေးမှာ ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာများနှင့် ကိုက်ညီမှုရှိကြောင်းနှင့် အချက်ရှစ်ချက်တွင် ခုနစ်ချက် ကိုက်ညီမှုရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

ယခင်ပေါ်ထွန်းခဲ့သည့် ဆင်ဖြူတော် ကိုးစီးတွင် ပထမဆုံးပေါ်ထွန်းခဲ့သည့် ဆင်ဖြူတော်တစ်စီးသာ ကြန်အင်လက္ခဏာ ခုနစ်ချက်နှင့်ကိုက်ညီခဲ့ပြီး ကျန်ဆင်ဖြူတော် ရှစ်စီးမှာ အများဆုံး ခြောက်ချက်သာ ကိုက်ညီသည်ကို စိစစ်တွေ့ရှိရပါသည်။

ယခုပေါ်ထွန်းလာသည့် ဆင်ဖြူတော်ကလေးမှာ အသက်(၁၀) ရက်သားတွင် အရပ်အမြင့် နှစ်ပေ ငါးလက်မခွဲခန့်နှင့် ကိုယ်အလေးချိန် ပေါင် ၁၉၀ ခန့်ရှိလာပြီး မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ရခိုင်ပြည်နယ်အဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုကော်မတီ (ဒုတိယအကြိမ်)အစည်းအဝေးကျင်းပ

စစ်တွေ သြဂုတ် ၂

ရခိုင်ပြည်နယ် ပြည်နယ်အဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုကော်မတီ (ဒုတိယအကြိမ်) အစည်းအဝေးကို ယမန်နေ့ညနေပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဖွဲ့ဝင် ၂၂ ဦးဖြင့် ဖွဲ့စည်းခဲ့

အစည်းအဝေးတွင် ပြည်နယ်အဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုကော်မတီဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းက ပြည်နယ်အဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု လုပ်ငန်းကော်မတီကို အဖွဲ့ဝင် ၂၂ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် စုပေါင်းအမှိုက်ကောက်ခြင်း၊ လူထုလှုပ်ရှားမှုဖြင့် စိုက်ပျိုးခဲ့သည့် ဒီရေတောအပင်များ၏ ရှင်သန်မှုအခြေအနေအား ပြန်လည်စိစစ်ခြင်း၊ ရှားပါး ဒီရေတောအပင်များ၏ ရှင်သန်မှုအခြေအနေအား ပြန်လည်စိစစ်ခြင်း၊ ရှားပါးဒီရေတောသစ်မျိုးဖြစ်သည့် မြိုင်ကြီးပင်များ စမ်းသပ်ပျိုးထောင် စိုက်ပျိုးခြင်း၊ ပင်လယ်ကမ်းရိုးတန်းသယံဇာတများ ရေရှည်တည်တံ့စေရေးအတွက် အသိပညာပေးလုပ်ငန်းဆောင်ရွက်ခြင်း၊ ငါးဖမ်းလိုင်စင်ထုတ်ပေးခြင်း၊ ငါးဖမ်းရေယာဉ်များ စောင့်ကြည့်စစ်ဆေးခြင်း၊ ဒီရေတောများ ကင်းလှည့်စစ်ဆေးခြင်း၊ တရားမဝင် ငါးဖမ်းစက်လှေများ အရေးယူဆောင်ရွက်ခြင်းစသည့် ကိစ္စရပ်များကိုလည်း သက်ဆိုင်ရာဌာနအချင်းချင်း ညှိနှိုင်းဆောင်ရွက်လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း အဏ္ဏဝါသယံဇာတများ ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ (ဒုတိယအကြိမ်) အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ကဏ္ဍအလိုက်ပွင့်ပွင့်လင်းလင်း အကြံပြုဆွေးနွေးပေးကြရန် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ပြည်နယ်အဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုကော်မတီအတွင်းရေးမှူး သစ်တောဦးစီးဌာန ပြည်နယ်ဦးစီးမှူးက နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ(ဒုတိယအကြိမ်) အစည်းအဝေး ဆုံးဖြတ်ချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ပင်လယ်ကမ်းရိုးတန်း သယံဇာတ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုဆွေးနွေးကြပြီး တက်ရောက်လာကြသော ကော်မတီအဖွဲ့ဝင်များက မိမိတို့ဌာနအလိုက် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် ဒုတိယအကြိမ်အစည်းအဝေးဆုံးဖြတ်ချက် (မူကြမ်း)အား တင်ပြပြီး ပြည်နယ်အဆင့်ကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

သထုံမြို့နယ်၌ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း ဖွင့်ပွဲကျင်းပ

သထုံ သြဂုတ် ၂

မွန်ပြည်နယ် သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက သထုံမြို့ ဘင်လှိုင်ရပ်ကွက်ရှိ ခရိုင်ပြည်သူ့စာကြည့်တိုက် လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလှိုင်ထွန်းက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှနွယ်နှင့် ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ခင်မြတ်အေးတို့က သထုံမြို့နယ်အတွင်း သင်တန်းဖွင့်လှစ်ပေးမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

တက်ရောက်

အဆိုပါသင်တန်းတွင် ဆပ်ပြာ ဆီအမျိုးမျိုး၊ လက်ဆေးဆပ်ပြာ၊ အဝတ်လျှော်ဆပ်ပြာ၊ ဘက်စုံသုံးဆပ်ပြာ၊ ပန်းကန်ဆေးဆပ်ပြာ၊ ပယင်းဆပ်ပြာခဲ၊ နန္တင်းဆပ်ပြာခဲနှင့် လက်သန့်ဆေးရည် အမျိုးမျိုးထုတ်လုပ်နည်းများကို ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ စာတွေ့ လက်တွေ့ ငါးရက်ကြာ အခမဲ့ဖွင့်လှစ် သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းသားစုစုပေါင်း ၂၀ တက်ရောက်ကြကြောင်း သိရသည်။

နဒီ(ပြန်/ဆက်)

■

❒ မိတ္ထီလာမှ

ရောင်းချပေးတာ ဖြစ်ပါတယ်”ဟု မိတ္ထီလာမြို့ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးတိုးတိုးက ပြောသည်။

မိတ္ထီလာမြို့ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ လူတစ်ဦးလျှင် စားအုန်းဆီ တစ်ပိဿာ ကျပ် ၄၂၀၀ ဖြင့် ရောင်းချခြင်းကို ချည်စက်၊တောမ၊ ဘဲကန်စေား၊ ဘူတာဟောင်းစေား၊ ကျီတော်ကုန်း၊ စက်မှုဇုန်စေား ၊ ရှမ်းတဲစေား ၊ ပေါက်ချောင်းစေား၊ နန်းတော်ကုန်း၊ အောင်ဆန်းမြို့သစ်၊ ရန်မျိုးအောင်စေား၊ ပြည်သာယာ စသည့်နေရာများတွင်လည်း သတ်မှတ်နေ့ရက်အလိုက် ရောင်းချပေးခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

ချမ်းသာ (မိတ္ထီလာ)

လုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုချီးမြှင့်

နေပြည်တော် သြဂုတ် ၂

အရှေ့တောင်တိုင်း စစ်ဌာနချုပ် နယ်မြေအတွင်း လုံခြုံရေးတာဝန်များ ထမ်းဆောင်လျက်ရှိသည့် အရာရှိ စစ်သည်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို ရောင်နီဦးနှင့် မိတ်ဆွေများပရဟိတအဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ်သို့ လာရောက်လှူဒါန်းသည်။

ချီးမြှင့်ပေးအပ်

ထိုသို့လှူဒါန်းရာတွင် ရောင်နီဦးနှင့် မိတ်ဆွေများ ပရဟိတအဖွဲ့က ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၆၁ သိန်းကို ပေးအပ်ကြရာ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်ကလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အလားတူ မန္တလေးတိုင်းဒေသကြီးအတွင်း တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က မန္တလေးတိုင်းဒေသကြီးအတွင်း တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မန္တလေးတိုင်းဒေသကြီးအတွင်း လက်နက်/ခဲယမ်း သိမ်းဆည်းရမိအခြေအနေများအား ခင်းကျင်းပြသထားသည်များကို လိုက်လံကြည့်ရှုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ကချင်ပြည်နယ် မနောလိုဂ်အမှတ်ပေးဖလားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

မြစ်ကြီးနား သြဂုတ် ၂

ကချင်ပြည်နယ်၏ ဘောလုံးအားကစားသမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် ပြည်နယ်အတွင်းရှိ ဒေသခံစီးပွားရေးလုပ်ငန်းရှင်များက ကြီးမှူး၍ ဒေသတွင်းဘောလုံးအားကစား တိုးတက်မြင့်မားရေး၊ လူငယ်လူရွယ်များ အားကစားတွင် ပူးပေါင်းပါဝင်လာစေရေးအတွက် ဘောလုံးကလပ်အသင်း ၁၂ သင်းဖြင့် သုံးလကြာကျင်းပခဲ့သည့် မနောလိုဂ် အမှတ်ပေးဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို သြဂုတ် ၁ ရက် ညနေ ၄ နာရီက မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်းအတွင်း ကျင်းပခဲ့သည်။

နှုတ်ဆက်အားပေး

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ဇနီး ဒေါ်နန်ဆိုင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်တို့က အမှတ်ပေးဖလားနောက်ဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားကြမည့် Kachin Real နှင့် Junior Star ကလပ်အသင်းတို့မှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများအား လိုက်လံနှုတ်ဆက်အားပေးခဲ့ကြပြီး ကလပ်အသင်းနှစ်သင်း၏ ယှဉ်ပြိုင်ကစားမှုကို ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် အတူ ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် အမှတ်ပေးလိုဂ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီခဲ့ကြသော ဌာနဆိုင်ရာများနှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းများကို လည်းကောင်း၊ ပြည်နယ်အမျိုးသမီးအားကစားဆပ်ကော်မတီနာယက ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး၊ ဒုတိယတိုင်းမှူးနှင့် ပြည်နယ်ဝန်ကြီးများက အမှတ်ပေးဇယားအဆင့်အလိုက် ဂုဏ်ပြုချီးမြှင့်ငွေများကို လည်းကောင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က အကောင်းဆုံးနည်းပြဆု၊ အကောင်းဆုံးကစားသမားဆုများကို လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က အမှတ်ပေးဖလား ချန်ပီယံဆုရ Kachin Real အသင်းအား တစ်ဦးချင်းလည်းဆွဲဆုတံဆိပ်၊ အမှတ်တရလက်ဆောင်နှင့် ချန်ပီယံဒိုင်းဆုတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ရှမ်းပြည်နယ်ဝန်ကြီးချုပ် လေယာဉ်ကွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း အကောင်အထည်ဖော်မည့်နေရာသို့ ကြည့်ရှုစစ်ဆေး

တာချီလိတ် သြဂုတ် ၂

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်းသည် ဆေခမ်းရပ်ကွက် လေယာဉ်ကွင်းလမ်း ကွန်ကရစ်ခင်းခြင်းနှင့် လမ်းဘေးဝဲ/ယာ အုတ်စီရေမြောင်းပြုလုပ် အကောင်အထည်ဖော်ဆောင်ရွက်မည့်နေရာသို့ ယနေ့ညနေ ၃ နာရီခွဲတွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို လမ်းညွှန်မှာကြားသည်။

ဖြည့်စွက်မှာကြား

လေယာဉ်ကွင်းလမ်း ကွန်ကရစ်ခင်းခြင်းနှင့် လမ်းဘေးဝဲ/ယာ အုတ်စီရေမြောင်းပြုလုပ်ခြင်း လုပ်ငန်းစီမံချက်ကို စည်ပင်သာယာရေးဌာနမှ တာဝန်ရှိသူ တစ်ဦးက မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြပြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

အကောင်အထည်ဖော် ဆောင်ရွက်မည့် ဆေခမ်းရပ်ကွက် လေယာဉ်ကွင်း လမ်းသည် အရှည်ပေ ၅၀၀၀၊ အကျယ်ပေ ၃၀ နှင့် ဘေးဝဲ/ယာ ပခုံးလမ်းသားသုံးပေစီ စုစုပေါင်း ၃၆ ပေ ကျယ်ဝန်းကြောင်း သိရသည်။

ကွန်ကရစ်လမ်းအတွက် ခန့်မှန်းကုန်ကျစရိတ် ငွေကျပ် ၁၄၆၄ သန်း ကျော်ရှိပြီး အုတ်စီရေမြောင်းအတွက် ခန့်မှန်း ကုန်ကျစရိတ် ငွေကျပ် ၁၁၇၄ သန်းကျော်ရှိကြောင်း၊ ကွန်ကရစ်လမ်းခင်းခြင်းကို ပြည်သူများ၏ စုပေါင်းလှူဒါန်းငွေဖြင့် တည်ဆောက်မည်ဖြစ်ကာ အုတ်စီရေမြောင်းပြုလုပ်ခြင်းကို စည်ပင်သာယာရေးဌာန၏ ဘတ်ဂျက်ရန်ပုံငွေဖြင့် ယခုနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း စည်ပင်သာယာရေးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးခွန်ဇော်ဦးထိမ့ သိရသည်။

ပြည်နယ်(ပြန်/ဆက်)

Assessor Methodology Training သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် သြဂုတ် ၂

Assessor Methodology Training သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ လှိုင်သာယာစက်မှုဇုန်ရှိ ကနောင်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းက Video Online ဖြင့် ပြောကြားရာတွင် ၂၀၂၂ ခုနှစ် ဇူလိုင် ၉ ရက်တွင် အထည်ချုပ်လုပ်ငန်းကဏ္ဍ၌ Assessment Center များ တိုးမြှင့်တည်ထောင်နိုင်ရေးနှင့် Assessor များ မွေးထုတ်နိုင်ရေး တွေ့ဆုံဆွေးနွေးပွဲတွင် တက်ရောက်ခဲ့ကြသော အထည်ချုပ်စက်ရုံ ၁၅၉ ရုံမှ HR Manager များကို အထည်ချုပ်စက်ရုံတိုင်းတွင် ကျွမ်းကျင်လုပ်သားများရရှိစေရေး အလေးထားဆောင်ရွက်ရန်၊ လုပ်ငန်းခွင်တွင် ကျွမ်းကျင်တတ်မြောက်ထားသော လုပ်သားများကို ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်ရန်၊ လုပ်ငန်းခွင်မပျက်မိမိစက်ရုံများ၌ Assessment Center တည်ထောင်ရန်နှင့် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်နိုင်ရန် အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီးက မှာကြားထားကြောင်း၊ ယခုသင်တန်းမှ သင်တန်းသားများအနေဖြင့် စစ်ဆေးအကဲဖြတ်သူများ၏ တာဝန်ဝတ္တရားများ၊ ကျင့်ဝတ်များ၊ စစ်ဆေးပုံနည်းစနစ်များ၊ သဘောတရားများကို တိကျရှင်းလင်းစွာနားလည်သဘောပေါက်သိရှိပြီး အကဲဖြတ်ရာ၌ အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ သင်တန်းတက်ရောက်ကြသူများကလည်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ လေ့လာသင်ယူပြီး မိမိတို့၏ အတွေ့အကြုံများကို မျှဝေခြင်းဖြင့် NSSA လုပ်ငန်းစဉ်များတွင် တစ်တပ်တစ်အားပူးပေါင်းကြိုးစားကြရန် တိုက်တွန်းပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်ကျွမ်းကျင်မှု "စံ"သတ်မှတ်ရေးကော်မတီဥက္ကဋ္ဌ ဒေါ်ခိုင်ခိုင်နွယ်၊ လှိုင်သာယာစက်မှုဇုန်အတွင်းရေးမှူး ဦးကျော်ဝင်းနှင့် သင်တန်းပို့ချမည့် ဆရာ ဆရာမများနှင့် သင်တန်းသားများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

ကရင်ပြည်နယ်အတွင်းရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးနိုင်ရေး ဆွေးနွေး

ဘားအံ သြဂုတ် ၂

ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် သြဂုတ် ၂ ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)၏မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်နှင့် leo Shine International Co.,Ltd တို့ကို ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ သီးခြားစီလက်ခံတွေ့ဆုံခဲ့သည်။

ဆွေးနွေး

ဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်နှင့်အဖွဲ့ကို လက်ခံတွေ့ဆုံ၍ ကရင်ပြည်နယ်အတွင်းရှိ အကူအညီလိုအပ်သူများအတွက်မီးဖိုချောင်သုံးပစ္စည်းများ၊ ခြင်ထောင်၊ အမျိုးသမီးသုံးပစ္စည်း စသည့် အစားအစာ မဟုတ်သည့်ပစ္စည်းများ ဖြန့်ဝေပေးခြင်းအပါအဝင် ရွှေ့ပြောင်းသွားလာသူများနှင့် နေရပ်ပြန်များကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ ပေးနိုင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေး ဆိုင်ရာ ကိစ္စရပ်များကို အဓိကထားဆွေးနွေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် မွန်းလွဲ ၂ နာရီခန့်တွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် leo Shine International Co.,Ltd Managing Director ဦးထက်အောင်ရှိုင်းနှင့် အဖွဲ့ကို လက်ခံတွေ့ဆုံရာ leo Shine International Co.,Ltd မှ ရန်ကုန်-မြဝတီ ကုန်စည်နှင့် ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းသစ် စတင်ရန်၊ နိုင်ငံတော်အစိုးရက တရားဝင်ခွင့်ပြုနိုင်မည့် ကုန်ပစ္စည်းများကို တရားဝင်အခွန်ထမ်းဆောင်ပြီး သယ်ယူခွင့်ရရှိရန်၊ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံ G to G စနစ်ဖြင့် ထိုင်းနိုင်ငံသို့ ထွက်ခွာမည့် မြန်မာအလုပ်သမားများကို မြဝတီမြို့သို့ ပို့ဆောင်နိုင်ရန် ရှင်းလင်းတင်ပြဆွေးနွေးရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

စစ်ကိုင်းတိုင်းဒေသကြီးတွင် မှိုစိုက်ပျိုးထုတ်လုပ်ရေးသင်တန်းဖွင့်ပွဲကျင်းပ

မုံရွာ သြဂုတ် ၂

စစ်ကိုင်းတိုင်းဒေသကြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးကော်မတီ၏ မှိုစိုက်ပျိုးထုတ်လုပ်ရေးအမှတ်စဉ်(၄/၂၀၂၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က သင်တန်းတွင် မှိုစိုက်ပျိုးထုတ်လုပ်နည်းအပြင် မှိုမျိုးသန့်မွေးမြူနည်းကိုပါ ပို့ချသွားမည်ဖြစ်သည့်အတွက် သင်တန်းသားများအနေဖြင့် အတွေ့အကြုံ၊ နည်းပညာများကိုရယူပြီး ကိုယ်တိုင်မှိုမျိုးထုပ်များ ပြုလုပ်နိုင်ကြမည်ဖြစ်သကဲ့သို့ စီးပွားဖြစ်ထုတ်လုပ်ရောင်းချပါကလည်း တိုင်းဒေသကြီးအတွင်းရှိမှိုစိုက်ပျိုးလိုသူများအနေဖြင့် မှိုမျိုးထုပ်များကို အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်မည်ဖြစ်ကြောင်းနှင့် သင်တန်းသားများအနေဖြင့် သင်တန်းကာလအတွင်း စိတ်ပါဝင်စားစွာ လေ့လာသင်ယူကြရန်၊ တစ်ပိုင်တစ်နိုင် မှိုစိုက်ပျိုးထုတ်လုပ်ခြင်းမှ စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်သူများဖြစ်အောင် ကြိုးစားလေ့လာသင်ယူသွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ပြခန်းတွင်ပြသထားသည့် ငွေနှင်းမှိုစိုက်ပျိုးထုတ်လုပ်မှုအဆင့်ဆင့်ကို ကြည့်ရှုအားပေးပြီး သင်တန်းသား၊ သင်တန်းသူများကို မှိုစိုက်ပျိုးနည်းသင်တန်း သင်ကြားနေမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။

သင်တန်းတွင် မုံရွာမြို့နယ်အတွင်းရှိကျေးရွာများမှ သင်တန်းသား သင်တန်းသူ ၆၀ တက်ရောက်သင်ကြားကြပြီး သင်တန်းတွင် မှိုမျိုးသန့်မွေးမြူနည်း၊ မှိုမျိုးထုပ်ပြုလုပ်နည်းများနှင့် မှိုတွင်ကျရောက်တတ်သည့် ရောဂါကာကွယ် နှိမ်နင်းနည်းများကို သင်ကြားပို့ချသွားမည်ဖြစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နန္ဒဝန်ရပ်ကွက်ရှိ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေး မျိုးစေ့၊ သီးနှံကာကွယ်ရေး ဓာတ်ခွဲခန်းရုံးဝင်းအတွင်း စိုက်ပျိုးထားသည့် Home Garden ဟင်းသီးဟင်းရွက်စိုက်ခင်း၊ ရွှေတောင် ၁၀ ချည်မျှင်ရှည်ဝါ စိုက်ချိန်အလိုက် အထွက်နှုန်းအပေါ် တုံ့ပြန်မှု သုတေသန စိုက်ခင်း၊ နေကြာသီးနှံတွင် သီးနှံအာဟာရဖြည့်တင်းမှု သုတေသနစိုက်ခင်းနှင့် ပိုက်ဆံလျှော်မျိုးစေ့ထုတ် သုတေသန စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ငါးခရိုင် အမျိုးသား၊ အမျိုးသမီး စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

မကွေး သြဂုတ် ၂

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ငါးခရိုင် အမျိုးသား၊ အမျိုးသမီး စစ်တုရင်ပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီက တိုင်းဒေသကြီး အားကစားခန်းမ၌ ကျင်းပသည်။

စဉ်းစားတွေးခေါ်

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်ကမျိုးဆက်သစ် လူငယ်ရွက်ပုန်းသီး အားကစားသမားများ ပေါ်ထွက်လာစေရန်နှင့် မြို့နယ်အတွင်း နေထိုင်သော လူငယ်များ စစ်တုရင်အားကစားနည်းကို ပိုမိုစိတ်ဝင်စားလာပြီး မိမိတို့ပတ်ဝန်းကျင်တွင် ကျယ်ကျယ်ပြန့်ပြန့်ကစားရာမှ တိုင်းဒေသကြီးကိုယ်စားပြု စစ်တုရင် အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း၊ စစ်တုရင်ကစားနည်းသည် တစ်ဦးချင်း ယှဉ်ပြိုင်ရသည့် အားကစားနည်းဖြစ်ပြီး မိမိတို့၏ ကိုယ်ပိုင်ဖြတ်ထိုးဉာဏ်နှင့် စဉ်းစားတွေးခေါ်နိုင်မှုတို့ကို ပေါင်းစပ်ပြီး ယှဉ်ပြိုင်ရသည့် အားကစားနည်း တစ်ခုဖြစ်ကြောင်း၊ အခြားအားကစားနည်းများ ယှဉ်ပြိုင်ကြရာတွင် ကိုယ်ခန္ဓာ၏ လှုပ်ရှားနိုင်စွမ်း လျင်မြန်ဖျတ်လတ်မှု (ကာယ)ကို အသုံးချ၍ ယှဉ်ပြိုင်ကစားကြရပြီး စစ်တုရင်အားကစားနည်းသည် မိမိတို့၏ဦးနှောက်ပိုင်းဆိုင်ရာ စဉ်းစားတွေးခေါ်နိုင်စွမ်းဉာဏ်ရည်(ဉာဏ)ကို အသုံးချပြီး ယှဉ်ပြိုင်ကစားကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မိမိတို့၏ ဉာဏ်ရည်ဉာဏ်သွေးများကို အခြေခံပြီး လုံ့လဝီရိယနှင့် မပြတ်တမ်းအားထုတ်မှု၊ သင်ယူမှု ဆင်ခြင်သိတတ်မှုများကို ပေါင်းစပ်ပြီး စစ်တုရင်အားကစားနည်းကို ပိုမိုလေ့လာသင်ယူရင်း ယှဉ်ပြိုင်ကစားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ စစ်တုရင်ပြိုင်ပွဲ ပြိုင်ပွဲဝင်ကစားသမားများယှဉ်ပြိုင်ကစားနေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်းနှင့် အဆိုပါပြိုင်ပွဲကို သြဂုတ် ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

မော်လမြိုင်ကျွန်းမြို့နယ်တွင် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုမရှိစေရေး အသိပညာပေး ဟောပြောပွဲကျင်းပ

မော်လမြိုင်ကျွန်း သြဂုတ် ၂

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်း၍ မြို့နယ်သန့်ရှင်းသာယာလှပရေးနှင့် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုမရှိစေရေးအတွက် အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မဟာဆောင်ခန်းမ၌ ကျင်းပသည်။

အဆိုပါအသိပညာပေးဟောပြောပွဲတွင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြကြင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်လှိုင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းဇော်က အမှိုက်စွန့်ပစ်ခြင်းနှင့်ပတ်သက်၍ ဥပဒေစည်းကမ်းနှင့်အညီဆောင်ရွက်သည့် မီးဖိုချောင်ထွက်အမှိုက်၊ စီးပွားရေးလုပ်ငန်းထွက်အမှိုက်၊ ဆေးရုံဆေးခန်းထွက်အမှိုက်၊ ခြံထွက်အမှိုက်၊ စက်ရုံ/အလုပ်ရုံထွက်အမှိုက်၊ တည်ဆောက်ရေးလုပ်ငန်းထွက်အမှိုက်နှင့် သာမန်အမှိုက်အမျိုးအစားများကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ပြီး ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိနေအိမ်မှ စတင်၍ မိမိပတ်ဝန်းကျင်၊ ကျောင်းများတွင် အမှိုက်ကိုစနစ်တကျခွဲခြားစွန့်ပစ်သည့် အလေ့အထကောင်းများ ဖြစ်ပေါ်စေရေးပညာပေးဆွေးနွေးခဲ့ပြီး မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ သန့်ရှင်းသာယာလှပရေးလုပ်ငန်းဆောင်ရွက်ချက် အသိပညာပေး လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အောင်အောင်(ပြန်/ဆက်)

နိုင်ငံအကျိုးပြုပညာရေးဆီသို့ . . .

ပါမောက္ခမောင်လွင်

နိုင်ငံ၏ပညာရေးသည် ထိုနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်အရေးကြီးလှပါသည်။ အဘယ်ကြောင့်ဆိုသော် ပညာရေးသည် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုနှင့် စီမံခန့်ခွဲအုပ်ချုပ်ရေးများအပေါ်တွင် တိုက်ရိုက်သက်ရောက်နေသောကြောင့်ဖြစ်သည်။

ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးတိုးတက်နေသောနိုင်ငံများသည် ကောင်းမွန်ပြည့်စုံသော ပညာရေးကိုအခြေခံ၍ နိုင်ငံတော်ကို တည်ဆောက်ခဲ့ကြသည်။ နိုင်ငံအကျိုးပြု ပညာရေးရှိမှသာ ကောင်းမွန်ပြည့်စုံသော လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုနှင့် စီမံခန့်ခွဲအုပ်ချုပ်ရေးတို့ဖြင့် ပြည့်စုံနေသော နိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် တိုးတက်ဖွံ့ဖြိုးသောနိုင်ငံတည်ဆောက်ရန်အတွက် ကောင်းမွန်ပြည့်စုံ သော ပညာရေးကို ဦးစားပေးတည်ဆောက်ရမည်မှာ မလွဲဧကန်ဖြစ်သည်။

နိုင်ငံအကျိုးပြုပညာရေးသည် သင်ယူသူတို့၏ မိမိတို့သင်ယူလေ့လာထားသည့် ပညာရပ်အပေါ်တွင် အသုံးချနိုင်မှုနှင့် မှန်ကန်စွာတွေးခေါ်မြော်မြင်မှု အကျိုးရလဒ်ပင်ဖြစ်သည်။ ပညာတတ်တစ်ဦးချင်းစီမှ အသိပညာပြည့်စုံစေရုံမျှသာမက ကြောင်းကျိုးဝေဖန်နိုင်သော ဆင်ခြင်တုံတရား၊ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာနှင့် ပြည့်ဝသော လူ့အဖွဲ့အစည်းကို တည်ထောင်နိုင်ရပါမည်။ မြန်မာနိုင်ငံတွင် လွပ်လပ်ရေးရပြီးချိန်မှ ခေတ်အဆက်ဆက် ပညာရေးသည် သင်ကြားသင်ယူမှုဖြစ်စဉ်တွင် အသိပညာ၊ အကြောင်းအရာတစ်ခုကို မှတ်မိခြင်း(Remembering)၊ အလွတ်ကျက်မှတ်ခြင်း (Remote memorization) နှင့် အသိပညာရရှိမှုအဆင့် (Knowledge Level) မျှသာဖြစ်ပါသည်။

နိုင်ငံအကျိုးပြု ကောင်းမွန်သောပညာရေးကိုရရှိရန် တွေးခေါ်မြော်မြင်သောအဆင့်များသို့ အဆင့်ဆင့်တက်ရောက်ပြီး တီထွင်ဖန်တီးနိုင်သောအဆင့်သို့ရရှိအောင် ကြိုးစားကြရမည်ဖြစ်သည်။ သို့မှသာ နိုင်ငံတော်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

ပြီးပြည့်စုံသောသင်ယူမှု

ပညာရေးလုပ်ငန်းစဉ်များတွင် သင်ယူခြင်းသည် အဓိကဖြစ်စဉ်တွင် ပါဝင်သည်။ အဓိကအားဖြင့် သင်ယူသူများသည် အသိပညာ၊ အယူအဆ၊ ကျွမ်းကျင်မှုနှင့် သဘောထားများကို ဆည်းပူးလေ့လာခြင်းမှ နားလည်သဘောပေါက်လက်ခံခြင်း၊ ထိုမှတစ်ဆင့် အသုံးချခြင်းသို့ ဦးတည်ထားရမည်။ အဆိုပါသင်ယူမှုလုပ်ငန်းများကို အခြေခံလျက် ပညာရေးရည်ရွယ်ချက်များအရ ပိုမိုတိကျပြည့်စုံသော သင်ယူမှုလုပ်ငန်းနယ်ပယ်များ အောင်မြင်စေရန် Benjamin Bloom က ၁၉၆၅ ခုနှစ်က တင်ပြခဲ့သည့် သိမှုနယ်ပယ်၊ နှလုံးသားခံစားမှုနယ်ပယ်နှင့် စိတ်နှင့်ကိုယ်တစ်ထပ်တည်းကျ ပြုမူဆောင်ရွက်မှုနယ်ပယ် စသည့်အဆင့်သုံးဆင့်စလုံး ပြီးမြောက်မှသာ ပြီးပြည့်စုံသော သင်ယူမှုကို ရရှိမည်ဖြစ်သည်။ အဆိုပါသင်ယူမှုလုပ်ငန်းနယ်ပယ်များသည်သီးခြားစီ မဟုတ်ဘဲ အဆင့်အလိုက် တစ်ဆက်တည်းဖြစ်သည်ဟု ပညာရေးပညာရှင်အများစုက လက်ခံယုံကြည်ကြသည်။

သိမှုနယ်ပယ်ကို အောက်ပါအတိုင်း အဆင့်ခြောက်ဆင့် ခွဲခြားထား၍ ၎င်းခွဲခြားချက်ကိုပင် Bloom's Taxonomy ဟု ထင်ရှားပေသည်။ (ပုံ ၁)

ယင်းတို့မှာ-

(က) အသိပညာရရှိမှုအဆင့် (Knowledge Level) ၊

(ခ) နားလည်သဘောပေါက်မှုအဆင့် (Comprehension Level)၊

(ဂ) အသုံးပြုမှုအဆင့် (Application Level)၊

(ဃ) ခွဲခြမ်းစိတ်ဖြာလေ့လာမှုအဆင့် (Analysis Level)၊

(c) ပေါင်းစပ်ကြည့်ရှုခြင်းအဆင့် (Synthesis Level)၊

(စ) တန်ဖိုးဖြတ်ခြင်းအဆင့် (Evaluation Level)။



ပုံ(၁) Bloom's Taxonomy ပုံစံပြပုံ

အသိပညာရရှိမှုအဆင့်သည် အကြောင်းအရာ၊ အဖြစ်အပျက်၊ ပုံသဏ္ဌာန်၊ ဝေါဟာရ၊ စာပိုဒ် စသည့်မှတ်သားစရာတစ်ခုကို သိရှိမှတ်သားခြင်းအဆင့်ဖြစ်သည်။ ဤအဆင့်တွင် တိကျသောအချက်များမှတစ်ဆင့် သီအိုရီများ ပြီးမြောက်ပြည့်စုံစွာသိရှိရေးအတွက် လိုအပ်သော သင်ကြား၊ သင်ယူထားသော အကြောင်းအရာများကို ပြန်လည်မှတ်မိနိုင်ရန် ကြိုးစားအားထုတ်ခြင်းအဆင့်ဖြစ်သည်။ အသိပညာရရှိမှုအဆင့်သည် အခြေခံကျသောအဆင့်ဖြစ်ပေသည်။ ဤအဆင့်တွင် အကြောင်းအရာ သို့မဟုတ် သင်ခန်းစာတစ်ခုကို သေချာစွာ နားလည်ခြင်းမရှိဘဲ ပုံမှန်အလွတ်ကျက် သင်ယူနည်းဖြင့် တတ်မြောက်ခဲ့သော ၎င်းသင်ယူသူသည် နောက်အဆင့်ဆင့် အသီးသီး တက်ရောက်ရန် ခက်ခဲပေသည်။ သို့ဖြစ်၍ အသိပညာရရှိမှုအဆင့် ပြီးမြောက်စေရန် သင်ကြားသူများ၏ အခန်းကဏ္ဍနှင့် သင်ကြားသည့် ဘာသာစကားသည် အလွန်အရေးကြီးပေသည်။

ဆင်ခြင်နိုင်ခြင်းအဆင့်ဟုသတ်မှတ်

နားလည်သဘောပေါက်မှုအဆင့်ကို သင်ယူသူသည် သင်ယူရမည့် အကြောင်းအရာများ၏ ဆိုလိုရင်းအနက်အဓိပ္ပာယ်ကို နားလည်သဘောပေါက်ကာ ဆင်ခြင်နိုင်ခြင်းအဆင့်ဟုသတ်မှတ်သည်။ ဤအဆင့်တွင် သင်ခန်းစာများကို စာဖြင့်ဖော်ပြခြင်းမှ ကိန်းဂဏန်းဖြင့်ဖော်ပြခြင်း၊ အနက်အဓိပ္ပာယ် ဖွင့်ဆိုရှင်းပြခြင်း၊ အကျဉ်းချုံးဖော်ပြခြင်း၊ နောက်ဆက်တွဲ အကျိုးရလဒ်များကို ကြိုတင်ခန့်မှန်းသုံးသပ်ခြင်းတို့ ပါဝင်သည်ဟုသတ်မှတ်သည်။ တစ်နည်းအားဖြင့် ဆိုလိုရင်းအဓိပ္ပာယ်ကို သိရှိခြင်း၊ မူလဆိုလိုချက်၊ အခြေအနေကို မိမိသိရှိနားလည်ပြီး ဆိုလိုချက်၊ အခြေအနေတို့နှင့် ယှဉ်တွဲနှိုင်းယှဉ်ပြတတ်ခြင်းနှင့် ဆိုလိုရင်းအဓိပ္ပာယ် အကျဉ်းချုပ် ပြောဆိုရေးသားပြတတ်ခြင်းတို့ဖြစ်သည်။ Learning Outcomes (သင်ယူမှုရလဒ်များ) အဖြစ် ရိုးရှင်းသော သင်ယူထားသည့် သင်ခန်းစာအကြောင်းအရာများကို ပြန်လည်သိရှိ မှတ်မိနိုင်သော အဆင့်မှ သိမြင်တတ်မြောက် နားလည်နိုင်ခြင်းဟူသော Comprehension အဆင့်၏ အနိမ့်ဆုံးအဆင့်ဖြစ်သော Understanding (နားလည်ခြင်း) အဆင့်သို့ ရောက်ရှိသည်ဟု ယူဆသည်။

အသုံးပြုမှုအဆင့်သည် အသစ်အသစ်သော သင်ယူရရှိပြီးသည့် အကြောင်းအရာများနှင့် သိသာမြင်သာသော အခြေအနေများကို အသုံးချသင်ယူနိုင်သော အရည်အချင်းဟု သတ်မှတ်သည်။ အဆိုပါအဆင့်တွင် စည်းမျဉ်းစည်းကမ်းများ၊ နည်းစနစ်များ၊ ကွင်းဆက်များ၊ ဥပဒေများနှင့် သီအိုရီများကို အသုံးချခြင်း၊ မှတ်သား၊ နားလည်သဘောပေါက်ကာ အခြေအနေသစ်တစ်ခုတွင် သင်ယူသူက လိုအပ်သလို အသုံးချခြင်း ဖြစ်သည်။

ခွဲခြမ်းစိတ်ဖြာလေ့လာမှုအဆင့်ကို အကြောင်းအရာတစ်ခု၏ နဂိုမူလအခြေအနေ အသွင်အပြင်ကို ခွဲခြမ်းစိတ်ဖြာ၍ ဆင်ခြင်သုံးသပ်နားလည်ခြင်းဟု သတ်မှတ်သည်။ ဤအရည်အချင်းတွင် သင်ယူသူက မှတ်သား၊ နားလည်သဘောပေါက်ထားသည့် အကြောင်းအရာ၊ အချက်အလက်များကို အခြေအနေသစ်တစ်ခုတွင် သင်ယူသူက လိုအပ်သလို အသုံးချရန် ကြိုးစားအားထုတ်ရာတွင် မူလအတိုင်း အသုံးပြုသည်ထက် ပိုမိုကောင်းမွန်ညီညွတ်အောင် အသေးစိတ်ခွဲခြမ်းစိတ်ဖြာကြည့်ရှုခြင်းဖြစ်သည်။

ပေါင်းစပ်ကြည့်ရှုခြင်းအဆင့်ကို တီထွင်ဖန်တီးမှုအသစ်တစ်ခုဖြစ်ပေါ်ရန် ယခင်က သိရှိမှတ်သားထာသော၊ သဘောသဘာဝတူသော အကြောင်းအရာ အချက်အလက် အစိတ်အပိုင်းများကို အစားထိုးခြင်း၊ ဖြည့်စွက်ခြင်း၊ အံဝင်ခွင်ကျဖြစ်အောင် တီထွင်သုံးသပ်နိုင်ခြင်းဟု သတ်မှတ်သည်။ ၎င်းအဆင့်သည် အသစ်အသစ်သော တီထွင်ဖန်တီးမှုများအတွက် အခြေခံကျပြီး နိုင်ငံတကာအဆင့်မီ ဓာတ်ခွဲခန်းများ လိုအပ်သည်။

တန်ဖိုးဖြတ်ခြင်းအဆင့်ရရှိခြင်း

တန်ဖိုးဖြတ်ခြင်းအဆင့်သည် အဆိုပြုချက်၊ ဝတ္ထု၊ ကဗျာ၊ သုတေသန အစီရင်ခံစာများ၏တန်ဖိုးကို အဆင့်သတ်မှတ်အကဲဖြတ်နိုင်သကဲ့သို့ တီထွင်ဖန်တီးမှုများအား အကဲဖြတ်သုံးသပ်နိုင်သော အရည်အချင်းဟု သတ်မှတ်သည်။ အဆိုပါအကဲဖြတ်မှုတွင် သတ်မှတ်ထားသော အရာဝတ္ထုအမျိုးအစားတစ်ခု၏ အတွင်း၊ အပြင် တည်ဆောက်ပုံနှင့် ယင်းနှင့်သက်ဆိုင်သော ရည်ရွယ်ချက်များအပေါ် အခြေပြု အကဲဖြတ်ခြင်းများ ပါဝင်သည်။ ဤအဆင့်၏သင်ယူတတ်မြောက်မှုများ ရလဒ်များအဖြစ် သိမှုနယ်ပယ်၏ အမြင့်ဆုံးအဆင့်များ ပါဝင်သည်။ အဘယ်ကြောင့်ဆိုသော် အဆိုပါ သိမှုနယ်ပယ်အဆင့်ဆင့်မှ အမြင့်ဆုံးအဆင့် တန်ဖိုးဖြတ်ခြင်း အဆင့်ရရှိခြင်းသည် ပေးထားသော အကြောင်းအရာတစ်ခုအပေါ် ကျောင်းသား ကျောင်းသူများ၏ အမျိုးအစားအဆင့်ဆင့် အကဲဖြတ်စစ်ဆေး သုံးသပ်ခြင်းမှ ရရှိလာသောအဆင့် ဖြစ်သည်။

သိမှုနယ်ပယ်နှင့် နှလုံးသားခံစားမှုနယ်ပယ်တို့မှာ လုပ်ငန်းနယ်ပယ် သတ်မှတ်ခွဲခြားထားသော်လည်း သင်ယူသူများ၏တွေးခေါ်မှုဖြစ်စဉ်မှာ တစ်ဆက်တည်းဖြစ်တတ်သည့် သဘာဝဖြစ်စဉ်ဖြစ်ပါသည်။ သိမှုနယ်ပယ်၏ ပထမအဆင့် အသိပညာရရှိသည့်အဆင့်ကို နှလုံးသားခံစားမှုနယ်ပယ်ပိုင်းမှ သတိဖြင့်ကြည့်ရှုနားထောင်ခြင်းဖြင့် သင်ကြားခြင်း၊ မိမိသင်ကြား မှတ်သားထားသည့် အသိပညာ၊ အတတ်ပညာများကို လက်ခံသိမ်းပိုက်ခြင်း ဖြစ်သွားသည်။ ထို့နောက် ပိုမိုစေ့စပ်သေချာစေရန် ထပ်မံ၍ စူးစမ်းလေ့လာမှုပြုခြင်းဖြင့် တုံ့ပြန်မှုပြုလုပ်ကြသည်။ ထိုသို့အဆင့်ဆင့်တိုးတက်လာခြင်းမှ သိမှုနယ်ပယ်၏အဆင့်များဖြစ်သော နားလည်သဘောပေါက်မှုအဆင့်နှင့် အသုံးပြုမှုအဆင့်များ တစ်ဆက်တည်းဖြစ်လာသည်။ ထိုမှတစ်ဆင့် မိမိသိရှိမှတ်သားထားသည်များကို အပိုင်းလိုက်အပိုင်းလိုက် ခွဲခြမ်းစိတ်ဖြာခြင်းအဆင့်နှင့် အသုံးချအတိုင်းအတာကို သိရှိနားလည်ခြင်းဖြင့် တန်ဖိုးအကဲဖြတ်ခြင်းအဆင့် ရောက်ရှိပေသည်။

ထို့နောက် ဆက်၍ မိမိသိရှိထားသော အကြောင်းအရာ အချက်အလက်များကို မူလအသွင်သဏ္ဌာန်အတိုင်းမဟုတ်ဘဲ ပုံစံအသစ်ဖြစ်အောင် အစားထိုး၊ ချဲ့ထွင်၊ ပေါင်းစပ်၊ ဖွဲ့စည်း၊ တည်ဆောက်၊ ဖန်တီးသော အသိပညာဖွဲ့စည်းခြင်းကို ရရှိပေသည်။ နောက်ဆုံးတွင် သင်ယူမှတ်သားထားသည့်အကြောင်းအရာ၊ အချက်အလက်၊ အဖြစ်အပျက်၊ အရာဝတ္ထုများကို တစ်စစီသော်လည်းကောင်း၊ တစ်ခုလုံးသော်လည်းကောင်း လိုအပ်သလို လက်တွေ့အသုံးချလာနိုင်သည်။ တန်ဖိုးထားမှုအတိုင်းအတာပေါ်တွင်မူတည်၍ သင်ယူသူ၏ နှလုံးသားတွင် နှစ်ခြိုက်မှု၊ မုန်းတီးမှု၊ မြတ်နိုးမှု၊ စက်ဆုပ်မှုများ ခံစားလျက်ပင်ကိုစရိုက်ဖြစ်လာခြင်း ဖြစ်စေပါသည်။ သိမှုနယ်ပယ်မှ နှလုံးသားမှ ခံစားမှုဖြစ်ပေါ်လာသည်အထိ အသိပညာရရှိခြင်းကို နှလုံးသားမှ ခံစားမှုနယ်ပယ်သို့ ရောက်ရှိခြင်းဟု သတ်မှတ်ပါသည်။

စာမျက်နှာ ၇ သို့ ■

> **"သိမှုနယ်ပယ် ၊ နှလုံးသားခံစားမှုနယ်ပယ်နှင့် စိတ်နှင့်ကိုယ်တစ်ထပ်တည်းကျ ပြုမူဆောင်ရွက်မှုနယ်ပယ် စသည့်အဆင့်သုံးဆင့်စလုံး တစ်သားတည်းကျရောက်စေရန် အရေးကြီးသည့်အချက်မှာ အသိပညာရရှိမှုအဆင့်နှင့် နားလည်သဘောပေါက်မှုအဆင့်များပင် ဖြစ်ပေသည်။ မြန်မာနိုင်ငံ၏ယခင်ပညာရေးသည် အသိပညာရရှိမှုအဆင့်နှင့် နားလည်သဘောပေါက်မှု အဆင့်များတွင်သာ ရပ်တည်လျက်ရှိသဖြင့် ၎င်းအဆင့်များကိုအခြေခံ၍ အဆင့်ဆင့်တက်လှမ်းကာ လိုသလိုအသုံးပြုတတ်ခြင်းနှင့် မိမိစိတ်တွင် တွေးမြင်သည့်အတိုင်း တီထွင်ဖန်တီးလာနိုင်သည့် ပညာရေးကိုပြောင်းလဲရမည်"**

တပ်မတော်တပ်ရင်း/တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ရင်းရင်းနှီးနှီး တွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

နေပြည်တော် သြဂုတ် ၂

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှု တရားပင်ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်း အားလုံး ရဲဘော်စိတ်အပြည့်ထားရှိပြီး အထက်အောက် ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲက လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှုညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit)တို့ဖြင့် ကွပ်ကဲအုပ်ချုပ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်နှင့် အနောက်မြောက်တိုင်း စစ်ဌာနချုပ်မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများပြုလုပ်ပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ လက်ရည်တစ်ပြင်တည်း သုံးဆောင်ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော် အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီး ပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွသုံးဆောင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ကော့သောင်းမြို့၌ ကျောင်းသား ကျောင်းသူများကို လူငယ်ရေးရာ အသိပညာပေးဟောပြော

ကော့သောင်း သြဂုတ် ၂

ကျောင်းသား ကျောင်းသူများကို လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အခြေခံပညာဦးစီးဌာနနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကာ ယမန်နေ့မွန်းလွဲပိုင်းက ကော့သောင်းမြို့ နဝရတ်အားကစားရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပညာရေးမှူး ဒေါ်သန်းစိုးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအေးသိမ်္ဘက ကျောင်းသား ကျောင်းသူများကို ဟောပြောပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်နှင့် လူငယ်များအနေဖြင့် အသိပညာ၊ အတတ်ပညာရပ်အမျိုးမျိုးကို လူငယ်ဘဝ ပညာသင်အရွယ်မှစ၍ ရည်မှန်းချက်ထားရှိပြီး ကြိုးစားသင့်ပုံ၊ စာတတ်ဖို့သာမက မိမိတို့ဘဝတစ်လျှောက် လူမှုကျင့်ဝတ်များနှင့်အညီ နေထိုင်ကာ အကျင့်စာရိတ္တကောင်းမွန်သော လူငယ်များဖြစ်အောင် ပေါင်းသင်းဆက်ဆံသင့်ပုံတို့ကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးမိုးက လူငယ်နှင့် ခေါင်းဆောင်မှုဆိုင်ရာ သိကောင်းစရာများ၊ နွေရာသီကျောင်းပိတ်ရက်ရှည်အတွင်း ဖွင့်လှစ်မည့် အားကစားသင်တန်းများနှင့် လူငယ်များအနေဖြင့် အားကစားထူးချွန်မှုဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေး၊ ထူးချွန်အားကစားသမားကောင်းများ ပေါ်ထွက်လာရန် လူငယ်များ ပြုမူလေ့ကျင့်ရမည့်နည်းစနစ်ဆိုင်ရာများကို အသိပညာပေးဟောပြောခဲ့ကြကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ GIS နည်းပညာအသုံးပြု၍ ရပ်ကွက်တည်နေရာ point များ လက်တွေ့ကွင်းဆင်းကောက်ယူ

ရန်ကုန် သြဂုတ် ၂

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၅၈၊ ၅၉၊ ၉၁)ရပ်ကွက်များတွင် GIS နည်းပညာအသုံးပြု၍ ရပ်ကွက်တည်နေရာ point များ လက်တွေ့ကွင်းဆင်းကောက်ယူခြင်းကို ယနေ့ နံနက်ပိုင်းက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရပ်ကွက်၊ ကျေးရွာတည်နေရာ point များ ကောက်ယူခြင်းမှာ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေး ကြိုတင်ပြင်ဆင်သည့်အနေဖြင့် GIS နည်းပညာအသုံးပြု၍ မြေပုံများရေးဆွဲခြင်းနှင့် စာရင်းကောက်ကွက်များဖွဲ့စည်းခြင်း လုပ်ငန်းစဉ်သည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ရန်ရှိသဖြင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ရုံးမှ ရပ်ကွက်၊ကျေးရွာ point များကောက်ယူခြင်းကို Tablet (သို့) Mobile Phone များဖြင့် သြဂုတ် ၂ ရက်က စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်လဝကဦးစီးအရာရှိ ဦးအေးကျော်ထံမှ သိရသည်။

ရပ်ကွက်ကျေးရွာတည်နေရာ point များ ကောက်ယူရာ၌ စာရင်းကောက်ယူမည့်ဒေသများကျန်ခြင်း၊ ထပ်ခြင်းမရှိစေရန်အတွက် နယ်နိမိတ်တိကျသည့် စာရင်းကောက်ကွက်များ၊ ပိုင်းခြားသတ်မှတ်နိုင်ရန်နှင့် စာရင်းကောက်ယူမည့်ဒေသကို မြေပုံများဖြင့်တိတိကျကျ ညွှန်ပြနိုင်ရန် မြို့နယ်လဝကရုံးဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့်အတူ တည်နေရာ point များ ကောက်ယူခြင်းကို ဒေါ်ဖြူဖြူခိုင်(လဝကမှူး)ဦးဆောင်သောအဖွဲ့(၁)က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

သနပ်ပင်မြို့၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးနိုင်ရေးနှင့် ကြွေးကျန်များပြေကျေရေး ဆွေးနွေး

သနပ်ပင် သြဂုတ် ၂

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီထုတ်ချေးနိုင်ရေးနှင့် အချိန်စေ့လွန်ကြွေးကျန်များ ပြေကျေရေးတို့အတွက် တွေ့ဆုံဆွေးနွေးပွဲကို သြဂုတ် ၁ ရက် နံနက်ပိုင်းက သနပ်ပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်)မှ အထွေထွေမန်နေဂျာ ဦးအောင်ဇော်မိုးနှင့် လက်ထောက်အထွေထွေမန်နေဂျာ ဦးခင်မောင်စိုးတို့က ၂၀၂၂ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများ သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ထုတ်ချေးနိုင်ရေးနှင့် အချိန်စေ့လွန်ကြွေးကျန်များ ပြေကျေရေးကိစ္စများနှင့်ပတ်သက်၍ တက်ရောက်လာသော ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ချေးငွေစစ်ဆေးရေးအတွင်းရေးမှူးများကို ရှင်းလင်းပြောကြားခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

ဘဂ်လားပင်လယ်အော် အခြေအနေ

နေပြည်တော် သြဂုတ် ၂

ကပ္ပလီပင်လယ်ပြင်နှင့် ဘဂ်လားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေပြီး ကျန်ဘဂ်လားပင်လယ်အော်တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

မိုး/၉လ

■ **စာမျက်နှာ ၆ မှ**

သင်ယူသူသည် မိမိသင်ယူတတ်မြောက်ထားသည့် အတတ်ပညာရပ်ပေါ်တွင် သိရှိ၊ နားလည်၊ ခံစားပြီးမိမိတိုင်းပြည်နှင့်လူမျိုးအတွက် လိုအပ်ချက်များကို ဖန်တီးပေးနိုင်သည့် အတတ်ပညာကျွမ်းကျင်မှုနယ်ပယ်ကို ရောက်ရှိခြင်းဖြစ်သည်။ သင်ယူသူသည် အကြောင်းအရာ၊ အချက်အလက်၊ အဖြစ်အပျက်များကို မိမိသိရှိ နားလည်၊ မှတ်သားနေစဉ် စမ်းသပ်မှုသဘောဖြင့် အတုယူပြုမှု ပြုလုပ်ကြည့်တတ်ပါသည်။ ထိုသို့အတုယူကာ သိမှုနယ်ပယ်နှင့် နှလုံးသားခံစားမှုနယ်ပယ်ကို ရောနှောဆက်စပ် ပြုလုပ်လေ့ရှိပါသည်။ ဆရာများသည် သင်ယူသူများ၏ စံပြဖြစ်သဖြင့် အတုမြင်အတတ်သင် ပြုလုပ်လေ့ရှိသည်။ ကျွမ်းကျင်မှုများသည် မိမိကိုယ်တိုင် လေ့လာဖော်ထုတ်သော အတတ်ပညာ ကျွမ်းကျင်မှုများထက် ပိုမို၍စနစ်ကျကြောင်း လေ့လာတွေ့ရှိရပေသည်။

သင်ယူသူများ ကျွမ်းကျင်မှုအဆင့်ရောက်ရာတွင် မိမိဆောင်ရွက်လိုသည့်အရာကို လက်တွေ့ပြုလုပ်၍ ကျွမ်းကျင်စွာ ကိုင်တွယ်ဆောင်ရွက်နိုင်လာသည်။ ထိုသို့ ကျွမ်းကျင်စွာ ကိုင်တွယ်ဆောင်ရွက်နိုင်လာခြင်းကြောင့် အချိန်ကိုက်၊ နာရီကိုက်၊ စည်းကိုက်၊ ဝါးကိုက် တိကျစွာ ဆောင်ရွက်တတ်ခြင်းနှင့် ရှင်းရှင်းလင်းလင်း၊ ဌာန်ကရိုဏ်းကျကျ ပြုမူပြောဆို ဆောင်ရွက်တတ်ခြင်း အကျိုးကျေးဇူးများ ရရှိလာပေသည်။

ထူးခြားသောဝိသေသ

သင်ယူသူက မိမိမှတ်သားနာယူပြီး အတုယူထားသည့်အတိုင်း အခြေအနေတစ်ခုတွင် တစ်ပုံစံ၊ တစ်သဘောတည်းဖြစ်အောင် ကျွမ်းကျွမ်းကျင်ကျင် ပြုမူတတ်သည့်သဘာဝ ဖြစ်ပေသည်။ ထိုအဆင့်သည် သိမှုနယ်ပယ်၏ နောက်ဆုံးအဆင့်ဖြစ်သော တန်ဖိုးထားအကဲဖြတ်ခြင်းအဆင့်ကို ကျော်လွန်လုပ်ဆောင်နိုင်ခြင်းဖြစ်သကဲ့သို့ ဓလေ့စရိုက်မှာ သင်ယူသူ၏ မူလအခြေအနေနှင့် လုံးဝကွာခြားသွားသည်ကို တွေ့ရပေသည်။ လိုအပ်သည့်နေရာတွင် လိုသလိုအသုံးပြုတတ်ခြင်းနှင့် မိမိစိတ်တွင် တွေးမြင်သည့်အတိုင်း တီထွင်ဖန်တီးလာနိုင်ခြင်းသည် ဤအဆင့်၏ ထူးခြားသောဝိသေသ ဖြစ်ပေသည်။

သိမှုနယ်ပယ်၊ နှလုံးသားခံစားမှုနယ်ပယ်နှင့် စိတ်နှင့်ကိုယ်တစ်ထပ်တည်းကျ ပြုမူဆောင်ရွက်မှုနယ်ပယ် စသည့်အဆင့်သုံးဆင့်စလုံး တစ်သားတည်းကျရောက်စေရန် အရေးကြီးသည့်အချက်မှာ အသိပညာရရှိမှုအဆင့်နှင့် နားလည်သဘောပေါက်မှုအဆင့်များပင် ဖြစ်ပေသည်။ မြန်မာနိုင်ငံ၏ယခင်ပညာရေးသည် အသိပညာရရှိမှုအဆင့်နှင့် နားလည်သဘောပေါက်မှု အဆင့်များတွင်သာ ရပ်တည်လျက်ရှိသဖြင့် ၎င်းအဆင့်များကိုအခြေခံ၍ အဆင့်ဆင့်တက်လှမ်းကာ လိုသလိုအသုံးပြုတတ်ခြင်းနှင့် မိမိစိတ်တွင် တွေးမြင်သည့်အတိုင်း တီထွင်ဖန်တီးလာနိုင်သည့်ပညာရေးကို ပြောင်းလဲရမည်ဖြစ်ပေသည်။

(ဆက်လက်ဖော်ပြပါမည်)

ပြည်ထဲရေးဝန်ကြီးဌာန မီသားစုများက ဆွမ်းဆန်တော် လှူဒါန်း

နေပြည်တော် သြဂုတ် ၂

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက် ရှိသည်။

ဆက်ကပ်လှူဒါန်း

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ဓမ္မရက္ခိတဝန်းသို့ ကျောင်းတိုက်သို့လည်းကောင်း၊ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်ရှိ မဂ်လာဧယျံ ကျောင်းတိုက်သို့ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်ရှိမြစ်ဆုံကြီးပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ ရခိုင်ပြည်နယ် မင်းပြားမြို့နယ်ရှိ ရတနာ့ဗိမာန်စာသင်တိုက်သို့ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်ရှိ မဟာဓမ္မိကာရုံပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များ အတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

မန္တလေးတိုင်းဒေသကြီး၌ သြဂုတ်လအတွင်း ရွာသွန်းမြဲခန့် မိုးရွာသွန်းနိုင်ပြီး ရွာသွန်းရက် ၉ ရက်မှ ၁၄ ရက်ခန့်ရှိနိုင်

မန္တလေး သြဂုတ် ၂

မန္တလေးတိုင်းဒေသကြီး၌ သြဂုတ်လအတွင်း မိုးရွာသွန်းမှုခန့်မှန်းချက်များအရ ရွာသွန်းမြဲခန့် မိုးရွာနိုင်ပြီး ရွာသွန်းရက်မှာ ၉ ရက်မှ ၁၄ ရက်ခန့် ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဧလဗေဒညွှန်ကြားမှူဦးစီးဌာန (အထက်မြန်မာပြည်ဌာနခွဲ-မန္တလေး)မှ ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ပြောသည်။

ဇူလိုင်လနောက်ဆုံးသီတင်းပတ်က ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေတိုက်ခတ်မှု သိသာစွာ လျော့ကျနေပြီး ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်သည့် တိမ်ဖြစ်ထွန်းမှုပုံစံ၊ လေဖိအားစနစ်ပုံစံကို အမှီပြုကာ မြန်မာ့ရာသီဥတုအခြေအနေ ပြောင်းလဲမှုရှိကြောင်း သိရသည်။

"သြဂုတ်လ ပထမ ၁၀ ရက်အတွင်းမှာ ထစ်ချုန်းမိုး ရွာသွန်းမယ့်အခြေအနေရှိပါတယ်။ မန္တလေးတိုင်းဒေသကြီးရဲ့ မိုးလေဝသစနန်းတွေရဲ့ ကာလရှည် ရာသီဥတုဆိုင်ရာ အချက်အလက်တွေ အရ မိုးရွာသွန်းမှု မညီမျှတာတွေများလာသလို ပူပြင်းမှု၊ မိုးခေါင်မှုတွေ များလာပါတယ်။ အဲဒီလို အစွန်းရောက်ရာသီဥတုကြောင့် စံချိန်သစ်တင်တဲ့ မိုးလေဝသ ဖြစ်စဉ်တွေနဲ့အတူ နောက်ဆက်တွဲမှာ သဘာဝဘေးတွေ ကြုံတွေ့နိုင်တယ်"ဟု ၎င်းက ပြောသည်။

မန္တလေးတိုင်းဒေသကြီးတွင် လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်အတွင်း ရာသီဥတုဆိုင်ရာ ညွှန်းကိန်းများအရ သိသာသော ပူပြင်းရက်နှင့် အပူချိန်များလာကာ မိုးခေါင်မှုများလာခြင်းတို့ တွေ့ရှိရပြီး အစွန်းရောက်ရာသီဥတုဖြစ်စဉ်များမှ ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးများကို ခုခံရင်ဆိုင်ကျော်လွှားနိုင်ရန် မိုး/ဧလမှ ခန့်မှန်းချက်များကို သတိပေးထုတ်ပြန်ပေးလျက်ရှိကြောင်း သိရသည်။

"ဇူလိုင် ၃၁ ရက်က ပြင်ဦးလွင်မှာ မိုးရေချိန် ၁၀ ဒသမ ၄၇ လက်မအထိ မိုးရွာသွန်းခဲ့တဲ့အတွက် ထူးခြားဖြစ်စဉ်အဖြစ် စံချိန်သစ်တင်ခဲ့တယ်။ ပြင်ဦးလွင်နဲ့ မန္တလေးဝန်းကျင်တွေမှာ အားကောင်းတဲ့ မိုးတိမ်တောင်ကြီးတွေ ဖြစ်ပေါ်ခဲ့ပြီး ၆ နာရီ လောက်ကြာချိန်အတွင်းမှာ မိုးချိန်းလိုက်၊ လျှပ်စီးလက်လိုက်ဖြစ်ပေါ်ခဲ့တယ်။ မိုးတိမ်တောင်တွေရဲ့ ဖြစ်တည်မှု စရိုက်သဘာဝက ပုံမှန်အားဖြင့် တစ်နာရီနဲ့ ၂ နာရီအတွင်းပဲ ကြာတတ်တာပါ"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ပြင်ဦးလွင်တွင် ဖြစ်ပေါ်ခဲ့သော မိုးတိမ်တောင်ကြီးများသည် မန္တလေးနှင့် ပုဂံညောင်ဦးဘက်သို့ ရွှေ့လျားလာခဲ့ပြီး မိုးရွာသွန်းခဲ့ရာ ဇူလိုင် ၃၁ ရက်က မန္တလေးတွင် ရွာသွန်းသည့် မိုးရေချိန်မှာ သုညဒသမ ၃၀ လက်မဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ သြဂုတ် ၁ ရက်အထိ မိုးရေချိန် ၁၉ ဒသမ ၁၃ လက်မရွာသွန်းထား၍ မိုးရွာရက် ၃၁ ရက်ရှိခဲ့ပြီး ၂၀၂၁ ခုနှစ်နှင့်ကာလတူ နှိုင်းယှဉ်လျှင် မိုးရွာရက် ၅ ရက်ပိုခဲ့ကာ မိုးရေချိန် ၆ ဒသမ ၁၄ လက်မ ပိုမိုရွာသွန်းခဲ့ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

ပြင်ဦးလွင်မြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျန်ရှိခဲ့သည့် အမှိုက်သရိုက်များနှင့် အနယ်အနှစ်များ ဖယ်ရှားရှင်းလင်း၊ ဂဲလောင်းချောင်းတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေး စုပေါင်းဆောင်ရွက်

နေပြည်တော် သြဂုတ် ၂

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်အတွင်း၌ ဇူလိုင် ၃၁ ရက် နံနက် ၂ နာရီမှ နံနက် ၁၁ နာရီခွဲခန့်အထိ မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီးနောက် မြို့ပေါ်ရပ်ကွက်၊ ကျေးရွာအချို့၌ ရေကြီးရေလွှမ်းမှု ဖြစ်ပေါ်ခဲ့ကာ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် နေရာများအား ယနေ့ မွန်းလွဲပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ပြင်ဦးလွင်တပ်နယ်မှ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက ရပ်ကွက်ကြီး(၁)အတွင်းရှိ ဂဲလောင်းချောင်း ရေတိုက်စားမှုရှိသည့် ချောင်းဘေးပေါင်များ ပြင်ဆင်ခြင်း၊ ရပ်ကွက်ကြီး(၃)ရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ၊ အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း၊ ရပ်ကွက်ကြီး(၉)ရှိ အေးမြချမ်းသာသီလရှင်ကျောင်း၊ ဂေါ်ရခါးကျောင်းနှင့် ဆင်လမ်းကျေးရွာရှိ ဓမ္မိကာရာမစာသင်တိုက်တို့၌ ပျက်စီးမှုများအား ဖယ်ရှားရှင်းလင်းခြင်း၊ ဂဲလောင်းချောင်းတစ်လျှောက် ဂန္ဓမာမြိုင်အဝိုင်းမှ မန္တလေး-လားရှိုးလမ်း AGD ဘဏ်အထိ ရေစီးရေလာကောင်းမွန်စေရေးတို့ကို စုပေါင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

■

ထန်းတပင်၌ GIS စနစ်ဖြင့် ရပ်ကွက်/ကျေးရွာတည်နေရာ Point စတင်ကောက်ယူ

ထန်းတပင် သြဂုတ် ၂

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများက GIS စနစ်ဖြင့် ရပ်ကွက်/ကျေးရွာတည်နေရာ Point စတင်ကောက်ယူခြင်းကို သြဂုတ် ၂ ရက်မှစတင်၍ မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"GIS စနစ်နဲ့ ထန်းတပင်မြို့နယ်မှာ ရပ်ကွက်/ကျေးရွာ တည်နေရာ Point စတင်ရယူဆောင်ရွက်တာကို မြို့ပေါ်ရပ်ကွက် (၅)ရပ်ကွက်ကနေပြီး ဒီကနေ့ စတင်ဆောင်ရွက်နေတာဖြစ်ပါတယ်။ ထန်းတပင်မြို့နယ်မှာက ရပ်ကွက် (၅) ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၄ အုပ်စု၊ ကျေးရွာပေါင်း ၂၃၃ ရွာရှိပြီးတော့ ရပ်ကွက်/ ကျေးရွာအုပ်စု အကုန်လုံးမှာ တည်နေရာ Point ထောက်ပြီး တည်နေရာ ရယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အခု ဆောင်ရွက်တာလည်း ၂၀၂၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းရဲ့ ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းတစ်ခုလည်းဖြစ်ပါတယ်"ဟု လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ထန်းတပင်မြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးခင်ဆွေက ရှင်းပြသည်။

GIS စနစ်ဖြင့် ရပ်ကွက်/ကျေးရွာ တည်နေရာ Point ရယူရာတွင်လည်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ထန်းတပင်မြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများက မြို့ပေါ်ရပ်ကွက် (၅)ရပ်ကွက်သို့ ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး Point တည်နေရာ ရယူခြင်းလုပ်ငန်းများ အဆင်ပြေစေရေးအတွက်လည်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦး၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက ကွင်းဆင်းကာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ချိတ်ဆက်ကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

သမဝါယမအသင်းစု၏ အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်ဒါရိုက်တာအဖွဲ့ ရွေးချယ်တင်မြှောက်

ညောင်တုန်း သြဂုတ် ၂

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် သမဝါယမအသင်းစု၏ ၂၀၁၉-၂၀၂၀ နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်ဒါရိုက်တာအဖွဲ့ ရွေးချယ်တင်မြှောက်ပွဲအခမ်းအနားကို ညောင်တုန်းမြို့နယ် သမဝါယမအသင်းစု၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် သဘာဝတိအဖြစ် ညောင်တုန်းမြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးသန်းထွန်းအေးက အမှာစကားပြောကြားခဲ့သည်။ ထို့နောက် ၂၀၁၉-၂၀၂၀ နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ ဒါရိုက်တာအဖွဲ့လုပ်ငန်းအစီရင်ခံစာ၊ အသင်းသား စာရင်းစစ်အစီရင်ခံစာ၊ နှစ်ချုပ်ဘဏ္ဍာရေးရင်းတမ်းများကို ဖတ်ကြားရင်းလင်းခဲ့ပြီး တက်ရောက်လာကြသူများထံမှ အတည်ပြုချက်ရယူခဲ့သည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးညွန့်ဆွေက သဘာဝတိအဖြစ် ဆောင်ရွက်၍ အမှုဆောင်သစ်များကို ဆန္ဒမဲပေးရွေးချယ်ကာ တာဝန်ခွဲဝေပေးအပ်ပြီး အမှုဆောင်သစ်များက ကတိသစ္စာခံယူခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ဆည်တာတမံအလိုက် အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုများ အလေးထားဆောင်ရွက်လျက်ရှိ

မိုးပြည့်

မန္တလေးတိုင်းဒေသကြီး ညောင်ဦး ငါ့သရောက် ဆိုလာရေတင်လုပ်ငန်းကို တွေ့ရစဉ်။

ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များကြောင့် မိုးရွာသွန်းမှုအခြေအနေကို ခန့်မှန်းရသည်မှာ မလွယ်ကူတော့ပေ။ မျှော်သည့်အခါ မရွာ၊ မလိုသည်မှ ရွာသွန်းတတ်သည့် မိုးဖြစ်လာသည့်အတွက် တောင်သူများသည် ဆည်တာတမံများမှ ပေးဝေသည့် စိုက်ပျိုးရေကို အားထားကြရသည်။ ထိုသို့ စိုက်ပျိုးရေပေးဝေလျက်ရှိသည့် ဆည်တာတမံများသည် တောင်သူများကို အကျိုးပြုလျက်ရှိသည်မှန်သော်လည်း ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များကြောင့် ဆည်တာတမံများ ထိခိုက်ပျက်စီးကာ ပြည်သူများ ဘေးအန္တရာယ်မဖြစ်ပေါ်စေရန် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် အထူးအလေးပေး စီမံဆောင်ရွက်လာရသည်။

တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံ

ကမ္ဘာနှင့်အဝှမ်းဖြစ်ပေါ်နေသည့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များအရ အချိန်တိုအတွင်း မိုးရွာသွန်းမှုများပြားခြင်း (Storm Rain In Short Duration) ကြောင့် ရေကြီးနစ်မြုပ်မှု သဘာဝဘေးအန္တရာယ်များ ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့လာရသည်။ သို့အတွက် တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံများ၏ ဘေးကင်းလုံခြုံမှု (Dam Safety) နှင့်ပတ်သက်၍ နေ့စဉ်ပုံမှန်စစ်ဆေးခြင်း(Visual Inspection Report on Dam Surveillance) ဆောင်ရွက်ကာ မှတ်တမ်းရေးသွင်းခြင်းကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိသည်။

ရေလှောင်တမံများ ကြံ့ခိုင်မှုကို နေ့စဉ်ပုံမှန်စစ်ဆေးခြင်းများအပြင် မိုးရာသီမတိုင်မီ ကျွမ်းကျင်ပညာရှင် တမံစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းပြီး ကွင်းဆင်းစစ်ဆေး၍ ဆောင်ရွက်သင့်သည့်လုပ်ငန်းများ၊ ကွင်းဆင်းစစ်ဆေးမှု အစီရင်ခံစာပြုစုတင်ပြခြင်း၊ မိုးရာသီမတိုင်မီ ပြုပြင်ထိန်းသိမ်းခြင်းများကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိသည်။ အကယ်၍ မိုးရာသီကာလတွင် ရေပိုလွှဲမှ ရေကျော်သည့် အခြေအနေမျိုး တည်ရှိလာပါက ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ရေကျော်ကျသည့်အချိန်မှစ၍ ၂၄ နာရီနေ့၊ ည နာရီစဉ် ကင်းလှည့်စောင့်ကြည့်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ရေလှောင်တမံများတွင် သဘာဝဘေးအန္တရာယ်တစ်ရပ်ရပ်ကြောင့် ကျိုးပေါက်မှု မဖြစ်ပေါ်စေရေးနှင့် အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လာပါကတမံအောက်ဘက်ရှိ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်ပျက်စီးမှု လျော့ပါးသက်သာစေရေးအတွက် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဆက်စပ်ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ ကြိုတင်စီမံခန့်ခွဲဆောင်ရွက်နိုင်ရန် ရေလှောင်တမံတစ်ခုချင်းအလိုက် အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုစီမံချက် (Emergency Preparedness Plan – EPP)ကို နှစ်စဉ်ရေးဆွဲထားရှိပြီး သဘာဝဘေးအန္တရာယ်အရေးပေါ်အခြေအနေအဆင့်သုံးဆင့် သတ်မှတ်ထားသည်။ အရေးပေါ်အခြေအနေ အဆင့်အလိုက် အစိမ်းရောင်၊ အဝါရောင်၊ အနီရောင် အလံများကို ရေလှောင်တမံ၊ တာများရှိ ရေကင်းစခန်းများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများတွင် စိုက်ထူပြီး အလံအရောင်များ၏ အဓိပ္ပာယ်သတ်မှတ်ချက်များအား သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ပြည်သူများအား အသိပေးနှိုးဆော်ထားပြီးဖြစ်သည်။

မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်ကျရောက်လာပါက တမံအောက်ဘက်ဒေသရှိ ပြည်သူများ အသက်အိုးအိမ်စည်းစိမ်မ ထိခိုက်မှု လျော့ပါးသက်သာစေရန် ဘေးကင်းလုံခြုံမှု တည်နေရာပြမြေပုံ (Flood Hazard Map) ရေးဆွဲ၍ ဘေးကင်းရာသို့ စနစ်တကျရွှေ့ပြောင်းနိုင်ရန်၊ ဘေးအန္တရာယ်မှကင်းလွတ်စေရန် စီမံဆောင်ရွက်လျက်ရှိသည်။ သို့အတွက် ပေါင်းလောင်းရေလှောင်တမံ၊ ဆွာချောင်းရေလှောင်တမံ၊ ကတိုက်ရေလှောင်တမံ၊ ကြီးအုံကြီးဝရေလှောင်တမံ၊ မန်းချောင်းရေလှောင်တမံ၊ ကညင်ရေလှောင်တမံ၊ မမြရေလှောင်တမံ၊ သုံးဆယ်ရေလှောင်တမံနှင့် မုကွာရေလှောင်တမံများတွင် ဘေးကင်းလုံခြုံမှု တည်နေရာပြမြေပုံ ရေးဆွဲထားရှိပြီး ဖြစ်သည်။

ရဲန္တယ်ရေလှောင်တမံနှင့် မုန်းရေလှောင်တမံ

ရေလှောင်တမံများ၏ ကြံ့ခိုင်မှုစစ်ဆေးရာတွင်လည်း တည်ဆောက်ထားရှိပြီးဖြစ်သည့် ရေလှောင်တမံများတွင် ငလျင်ဒဏ်ခံနိုင်ရည်ရှိမှုကို ယနေ့ခေတ်အခြေအနေနှင့်ကိုက်ညီသည့် အချက်အလက်များကို အသုံးပြုကာ ခေတ်မီနည်းပညာဖြင့် တွက်ချက်စစ်ဆေးပြီး လိုအပ်လျှင် ကြံ့ခိုင်မှုကောင်းစေရန် အားဖြည့်တည်ဆောက်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ရဲန္တယ်ရေလှောင်တမံနှင့် မုန်းရေလှောင်တမံတို့တွင် တမံကြံ့ခိုင်ရေးဆိုင်ရာလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်သည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသည် ရေလှောင်တမံ ၂၄၅ ခု၊ ရေလွှဲဆည် ၁၄၄ ခု၊ ကန် ၇၂ ခု၊ ရေတံခါး ၁၉၉ ခုနှင့် မြစ်ရေတင် ၂၁၀ လုပ်ငန်းစုစုပေါင်း ၈၇၀ တည်ဆောက်ထိန်းသိမ်းထားရှိသည်။ အဆိုပါ ဆည်တာတမံများမှ စိုက်ပျိုးတောင်သူများအတွက် နှစ်စဉ် မိုးစပါးအောင်ရေပေးဝေခြင်း၊ နွေစပါး၊ နွေသီးနှံ စိုက်ပျိုးရေပေးဝေခြင်း အချို့သော ဆည်/ကန်များမှ သောက်သုံးရေပေးဝေခြင်းနှင့် လျှပ်စစ်ဓာတ်အား ထုတ်လွှတ်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

သို့သော် ထူးကဲရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့် ရေကြီးနစ်မြုပ်ပျက်စီးဆုံးရှုံးမှု ကြုံရသကဲ့သို့ အခြားတစ်ဖက်တွင် ရာသီအလိုက် မိုးရွာသွန်းမှုနည်းပါးခြင်း၊ ရေဝေရေလဲဧရိယာတွင် မိုးရွာသွန်းမှုပုံစံမမှန်ခြင်းကြောင့် ဆည်/ကန်များအတွင်း ဝင်ရေနည်းပါးကာ စိုက်ပျိုးရေ၊ သောက်သုံးရေရှားပါးသည့် သဘာဝဘေးအန္တရာယ်အကျိုးဆက်များကြောင့် စိုက်ပျိုးတောင်သူများအား ထိခိုက်နိုင်သည့်အတွက် ဖြေရှင်းကျော်လွန်သွားနိုင်မည့် လုပ်ငန်းရပ်များကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။ လက်ရှိတွင် စိုက်ပျိုးရေ၊ သောက်သုံးရေ ရှားပါးမှုလျော့နည်းစေရန်အတွက် မိုးရေခံနည်းပညာ (Rain Water Harvesting) ကို အသုံးပြု၍ ရေသိုလှောင်ခြင်း၊ ချောင်းပိတ်၊ မြောင်းပိတ် ယာယီတမံငယ်များ ပိတ်၍ ရေသိုလှောင်ခြင်း စသည့် လတ်တလော အကျိုးပြုသည့်လုပ်ငန်းများ၊ မြေအောက်ရေ ဖြည့်တင်းခြင်း (Ground Water Recharging) လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်သည်။

ထို့အပြင် ရေစီးရေလာသေချာကောင်းမွန်သည့်နေရာများတွင် ရေလွှဲဆည်၊ ကန်နှင့် တမံငယ်များ ဆောင်ရွက်ခြင်း၊ မြစ်ရေတင်စခန်းသစ်များ ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ နှစ်ရှည်လုပ်ငန်းများအနေဖြင့် ရေလှောင်တမံများ ရေနည်းပါက ရေကူဖြည့်တင်းပေးနိုင်သည့် ရေကူရေသွယ်မြောင်းများ ဆောက်လုပ်ခြင်း၊ ရေကူရေလှောင်တမံများ တည်ဆောက်ခြင်း (Dam Series) များကို ဖော်ဆောင်လျက်ရှိသည်။

မိုးရွာသွန်းမှုနည်းပါးပြီး မိုးရွာသွန်းကာလတိုသည့် ရေခက်ခဲသော မိုးခေါင်ရေရှားဒေသများတွင် သောက်သုံးရေရရှိရေးအတွက် သဲချောင်းများတွင် မြေအောက်တမံ (Underground Dam) တည်ဆောက်ခြင်းများကိုလည်း ကာလတိုအတွင်း ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် ကျောက်ထပ်မြေအောက်တမံနှင့် သဲတောမြေအောက်တမံတို့ကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွင် ဝါခင်းကြီးချောင်းမြေအောက်တမံတို့ကို ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

စာမျက်နှာ ၁၀ သို့

ဝါးခင်းကြီးချောင်း မြေအောက်တမံတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေစဉ်။

ရေပေါက်ပေါက်ခြင်းအတွက် ရေခွေ ခွေခြင်းကို လက်တွေ့သရုပ်ပြရှင်းလင်းစဉ်။

*** CDM မှ**

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများအား ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအား နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာ မြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့ အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ဖြူးချောင်းရေလွှဲဆည်။

ကရင်ပြည်နယ် တရုပ်လှရေတင် Low Lift။

✪ စာမျက်နှာ ၉ မှ

“မိုးရွာသွန်းမှုနည်းပါးပြီး မိုးရွာသွန်းကာလတိုသည့် ရေခက်ခဲသော မိုးခေါင်ရေရှားဒေသများတွင် သောက်သုံးရေရရှိရေးအတွက် သဲချောင်းများတွင် မြေအောက်တမံ (Underground Dam) တည်ဆောက်ခြင်းများကိုလည်း ကာလတိုအတွင်းဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြို့မြို့နယ်တွင် ကျောက်ထပ်မြေအောက်တမံနှင့် သဲတောမြေအောက်တမံတို့ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွင် ဝါခင်းကြီးချောင်းမြေအောက်တမံတို့ကို ဆောင်ရွက်ခဲ့ပြီးဖြစ်”

အလားတူ သောက်သုံးရေလိုအပ်ချက်အတွက် မန္တလေးတိုင်းဒေသကြီးတွင် တောင်ဇင်းချောင်း၊ ဘောလုံးကျွန်းချောင်းနှင့် စိတ္ထိန်းချောင်းများတွင် မြေအောက်တမံများ တည်ဆောက်၍လည်းကောင်း၊ မကွေးတိုင်းဒေသကြီးတွင် အောင်နန်းမြေအောက်တမံ၊ ကျတ်ပြည့်မြေအောက်တမံ၊ ဖောင်ကျောင်းမြေအောက်တမံ၊ ရိုးရမြေအောက်တမံ၊ ဥသျှစ်ကုန်းမြေအောက်တမံနှင့် ရေထွက်မြေအောက်တမံများကို တည်ဆောက် အကောင်အထည်ဖော်ပြီး ပြည်သူ့အကျိုးပြု ဖြည့်ဆည်းဆောင်ရွက်နိုင်ခဲ့သည်။

မိုးခေါင်မှုသဘာဝဘေးကြောင့်ရေရှားပါးမှုများ ဖြစ်ပေါ်လာပါက ရေကိုအကျိုးရှိ ထိရောက်စွာ အသုံးချနိုင်ရန် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရေအသုံးချသူများအဖွဲ့ (Water User Group – WUG) များဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ တစ်နိုင်ငံလုံးတွင် အဖွဲ့ဝင်တောင်သူ ၂၂၄၇၈၀ ပါဝင်သည့် ရေအသုံးချသူများအဖွဲ့ ၈၆၂၃ ဖွဲ့ ဖွဲ့စည်းနိုင်ခဲ့ပြီးဖြစ်သည်။

မြို့ပြကျေးရွာအိုးအိမ်များ၊ စိုက်ပျိုးမြေများ နှစ်စဉ် မိုးရာသီရေဘေးအန္တရာယ်မှကာကွယ်ရန် ရေဘေးကာကွယ်ရေးနှင့် ရေနစ်တားတာ ၂၃၀၊ အလျားမိုင် ၂၅၁၉ မိုင်ကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေဦးစီးဌာနအနေဖြင့် ထိန်းသိမ်းထားရှိပြီး ရေဘေးကာကွယ်ရေး ဧရိယာဧက ၂၇ ဒသမ ၂၇ သိန်းကို နှစ်စဉ်ရေကြီးနစ်မြုပ်မှုအန္တရာယ်မှ ကာကွယ်ပေးနိုင်ခဲ့သည်။

မြန်မာနိုင်ငံတွင် နှစ်စဉ်ကြုံတွေ့နေရသော ရေကြီးနစ်မြုပ်မှုအန္တရာယ်မှ ကြိုတင်ကာကွယ်ရန်နှင့် ရေကြီးနစ်မြုပ်မှုသက်သာစေရေးအတွက် ဝန်ကြီးဌာန၏ပြည်ထောင်စုရန်ပုံငွေ၊တိုင်းဒေသကြီး/ပြည်နယ်ရန်ပုံငွေဖြင့် ချောင်းကော၊ မြောင်းကော၊ သဘာဝရေနုတ်မြောင်းများ ပြန်လည်တူးဖော်ခြင်း လုပ်ငန်းများ၊ မြစ်ကမ်းပါး၊ ချောင်းကမ်းပါးရှိ တာတမံများ အသစ်တည်ဆောက်ခြင်း၊ တာတမံတောင့်တင်း ခိုင်မာအောင်ပြုပြင်ခြင်းနှင့် ပင်လယ်ဒီရေမဝင်ရောက်နိုင်ရန် ရေနစ်တားတာများပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် နှစ်စဉ် အကောင်အထည်ဖော်လျက်ရှိသည်။

လုပ်ငန်းပေါင်း ၇၃၁ ခု

ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်မှုအနေဖြင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ရေကြီးနစ်မြုပ်မှုကာကွယ်ရေးလုပ်ငန်းပေါင်း ၄၀၈ ခု ဆောင်ရွက်နိုင်ခဲ့ကာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် လုပ်ငန်းပေါင်း ၇၃၁ ခုကို ဆောင်ရွက်လျက်ရှိသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသည် ရေဘေးကာကွယ်ရေးတာများတွင် နှစ်စဉ်မိုးရာသီမတိုင်မီ တာတမံကွင်းဆင်းစစ်ဆေးရေးအဖွဲ့များဖွဲ့စည်း၍ ကွင်းဆင်းစစ်ဆေးခြင်း၊ ကွင်းဆင်းစစ်ဆေးမှု အစီရင်ခံစာများပြုစုတင်ပြခြင်း၊ လိုအပ်သည့်နေရာများတွင် တာကြံ့ခိုင်မှုရှိစေရန် အချိန်မီပြုပြင်ခြင်းများ နှစ်စဉ်ဆောင်ရွက်လျက်ရှိသည်။ မြစ်ရေကြီးမှုဖြစ်လာပါက ၂၄ နာရီ နေ့ကင်း၊ ညကင်းဖြင့် ကင်းလှည့်စောင့်ကြည့်ခြင်း၊ ကျိုးပေါက်မှုဖြစ်ပေါ်နိုင်ပါက ကြိုတင်ကာကွယ်မှုလုပ်ငန်းများ ချက်ချင်းအရေးပေါ်ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာကွယ်ရေးပစ္စည်းများ ကြိုတင်စုဆောင်းခြင်းတို့ကို မဖြစ်မနေဆောင်ရွက်လျက်ရှိသည်။ မိုးရာသီကာလ ရေဘေးကာကွယ်ရေးတာများ ပြုပြင်ထိန်းသိမ်းခြင်းနှင့်ပတ်သက်၍ သရုပ်ပြပွဲများပြုလုပ်ပြီး ဒေသနေပြည်သူများ ပူးပေါင်းပါဝင်ရန် အသိပညာပေးလှုံ့ဆော်လျက်ရှိသည်။

သို့ဖြစ်၍ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသည် ရာသီဥတုပြောင်းလဲမှုအရ ပေါ်ပေါက်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကြောင့် ဆည်တာတမံထိခိုက်ကာ ပြည်သူများ ဘေးအန္တရာယ်ကျရောက်မှု မရှိစေရေးအတွက် ကြိုတင်ကာကွယ်ရေး အစီအမံများကို အလေးထားဆောင်ရွက်လျက်ရှိသည်။ တစ်ဖက်မှလည်း စိုက်ပျိုးတောင်သူများအတွက် လိုအပ်သည့် မိုးစပါး အောင်ရေပေးဝေခြင်း၊ နွေစပါး၊ နွေသီးနှံ စိုက်ပျိုးရေပေးဝေခြင်း အချို့သော ဆည်/ကန်များမှ သောက်သုံးရေပေးဝေခြင်းနှင့် လျှပ်စစ်ဓာတ်အားထုတ်လွှတ်ပေးခြင်းတို့ဖြင့် ပြည်သူ့အကျိုးကို ကြိုးပမ်းဖော်ဆောင်နေမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

နေပြည်တော် သြဂုတ် ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်၊ တန့်ယန်းမြို့နယ်၊ မိုင်းရယ်မြို့နယ်၊ တောင်ခမ်းမြို့နယ်တို့ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးရှိ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး ရဲတပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် နေအိမ်လိုင်းခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၈)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ အမေး၊ အဖြေများ

(ယမန်နေ့မှအဆက်)

ခေတ်ပုံရိပ်သတင်းဂျာနယ်မှ သတင်းထောက် ဦးဝင်းနိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံ့ဝန်ထမ်း၊ အမြဲတမ်းဝန်ထမ်းများကို အိမ်ထောင်သည်များဖြစ်ပါက မူရင်းလစာ၏ ရှစ်ရာခိုင်နှုန်း၊ လူပျို၊ အပျိုများဖြစ်ပါက လေးရာခိုင်နှုန်းကို အိမ်ငှားစရိတ်အဖြစ် ထောက်ပံ့ပေးသွားမည့်ကိစ္စကို အထူးအားရဝမ်းသာဖြစ်ကြရကြောင်း၊ သို့သော် နိုင်ငံ့ဝန်ထမ်းများမဟုတ်ဘဲ ပုဂ္ဂလိကဝန်ထမ်းများဖြစ်ကြသည့် ကုမ္ပဏီဝန်ထမ်းများ၊ အထည်ချုပ်စက်ရုံ အလုပ်သမားများ၊ ပင်စင်စားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တစ်နည်းတစ်ဖုံထောက်ပံ့ပေးရန် အစီအစဉ်ရှိ၊ မရှိ သိလိုကြောင်း မေးမြန်းသည်။

ဗိုလ်ချုပ်ဇော်မင်းထွန်းက ယခုလတ်တလောတွင် နိုင်ငံ့ဝန်ထမ်း၊ အမြဲတမ်းဝန်ထမ်းများအတွက် အိမ်ငှားစရိတ်ထောက်ပံ့ပေးခြင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် ပင်ပန်းကြမ်းတမ်းမှုနှင့် သက်စွန့်စရိတ် ၁၀၀၀၀ ကျပ်စီ ထောက်ပံ့ပေးခဲ့ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအတွက် ထောက်ပံ့ပေးမှုများအဖြစ် ယခင်ကလည်း ဝတ်စုံစရိတ်များ ထောက်ပံ့ပေးခြင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးဘက်ဆိုင်ရာဝန်ထမ်းများနှင့် ပညာရေးဝန်ထမ်းများအတွက် ပညာရှင်ဘွဲ့ ချီးမြှင့်ငွေများအပါအဝင် ထောက်ပံ့ပေးမှု၂၇မျိုးကို မိမိတို့အစိုးရလက်ထက်တွင် ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း၊ စက်ရုံအလုပ်သမားများနှင့် ကုမ္ပဏီဝန်ထမ်းများမှာ အလုပ်သမားဝန်ကြီးဌာနနှင့် ပို၍သက်ဆိုင်ကြောင်း၊ ယင်းကိစ္စတွင်လည်း အမြဲတမ်းချိန်ထိုးရခြင်းရှိကြောင်း၊ ထိုစက်ရုံအလုပ်သမားများအတွက် အလုပ်ရှင်များနှင့် သီးခြားဆွေးနွေးပြီးမှသာ လုပ်ဆောင်ရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အဆင့်မှာကဲ့သို့ ရှိသည့်ဘတ်ဂျက်ဖြင့် ပေးနိုင်သည့်ပမာဏကို ချိန်ထိုး၍မရကြောင်း၊ အလုပ်သမားများက ပိုပြီးတောင်းဆိုမည်ဖြစ်သကဲ့သို့ အလုပ်ရှင်ဘက်ကလည်း ၎င်း၏အခက်အခဲများရှိနိုင်ကြောင်း၊ ထိုအခြေအနေများကိုချိန်ဆ၍ နှစ်စဉ်ပြောင်းလဲရသည့်ကိစ္စများ ရှိပါကြောင်း၊ နှစ်စဉ်ဆွေးနွေးရသည့် ကိစ္စများလည်း ရှိပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ပြီးမှသာ သတင်းထောက်ကြီးမေးမြန်းသည့်ကိစ္စများကို ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

နှစ်စဉ်ညှိနှိုင်း၍
ဆောင်ရွက်ရမည့်ကိစ္စများဖြစ်

နိုင်ငံတော်အနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး တိုင်းသူပြည်သားအားလုံး အဆင်ပြေစေရန်အတွက်ကိုသာ လိုလားကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အလုပ်သမားများ၏ လုပ်ခလစာနှင့်ပတ်သက်လျှင် နိုင်ငံတော်၏ရပ်တည်ချက်မှာ လုပ်ခလစာတိုးမြှင့်ရေးဘက်တွင်သာ ရပ်တည်ကြောင်း၊ သို့သော် လုပ်ငန်းရှင်များအနေဖြင့်မှာမူ ၎င်း၏စီးပွားရေးအတိုင်းအတာအပေါ်တွင်သာ မူတည်၍ ပေးနိုင်မည်ဖြစ်ကြောင်း၊ ထိုကိစ္စများမှာ နှစ်စဉ်ညှိနှိုင်း၍ ဆောင်ရွက်ရမည့်ကိစ္စများဖြစ်ကြောင်း၊ ယခုသတင်းထောက်ကြီးတင်ပြသည့်ကိစ္စမှာ လစာတိုးမြှင့်ပေးခြင်းမဟုတ်ကြောင်း၊ ထောက်ပံ့ကြေးများ တိုးမြှင့်ပေးခြင်းဖြစ်ကြောင်း၊ လစာတိုးမြှင့်ပေးခြင်းဖြစ်ပါက ပင်စင်စားများအတွက် တစ်ပါတည်းပါဝင်ပြီးဖြစ်ကြောင်း၊ လစာတိုးမြှင့်ပေးခြင်းမဟုတ်သည့်အတွက် ပင်စင်စားများအတွက် ပါဝင်ခြင်းမရှိသေးဘူးဟူ၍သာ ပြောနိုင်ကြောင်း၊ လစာတိုးမြှင့်ခြင်းဖြစ်ပါက ခံစားခွင့်များ၊ Gratuity နှင့် ပင်စင်များ တစ်ပါတည်းပါဝင်လာမည်ဖြစ်ကြောင်း၊ ယခုကိစ္စမှာ လစာတိုးမြှင့်ခြင်းမဟုတ်ကြောင်း၊ ထောက်ပံ့ကြေးနှင့် အိမ်ငှားစရိတ်သာတိုးမြှင့်ခြင်းဖြစ်ကြောင်း၊ လတ်တလောတွင် လစာတိုးမြှင့်ရန်အစီအစဉ်မရှိသေးကြောင်း ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ **Myanmar Public Press သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဇော်မင်းနိုင်**က မဖွံ့ဖြိုးသေးသည့် ကျေးလက်ဒေသများတွင် လမ်းအခက်အခဲရှိကြောင်း၊ ကိုယ်ထူကိုယ်ထလမ်းများ ဖောက်နေခြင်းရှိကြောင်း၊ ထိုလမ်းများကို သက်ဆိုင်ရာဌာနများသို့ တင်ပြလျှင် ဘတ်ဂျက်ချပေးခြင်း ရှိ၊ မရှိ သိလိုပါကြောင်း မေးမြန်းသည်။

ခွင့်ပြုခြင်း၊ မပြုခြင်းသည်
ဦးစားပေးအစီအစဉ်အပေါ်မူတည်

ဗိုလ်ချုပ်ဇော်မင်းထွန်းက ယင်းလမ်းများသည် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန၏ အစီအစဉ်များဖြစ်ကြောင်း၊ ယင်းကိစ္စများနှင့်ပတ်သက်ပြီး လုပ်ထုံးလုပ်နည်းများအဆင့်ဆင့်ရှိကြောင်း၊ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနအောက်တွင် ရှိသည်များ၊ စည်ပင်သာယာရေးဌာနအောက်တွင်ရှိသည့် ကျေးရွာ၊ ကျေးရွာမှ မြို့နယ်၊ မြို့နယ်မှ အဆင့်ဆင့်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ နှစ်စဉ်ဘတ်ဂျက်များ ရှိပြီးဖြစ်ကြောင်း၊ ခွင့်ပြုခြင်း၊ မပြုခြင်းသည် ဦးစားပေးအစီအစဉ်ဖြင့် အမှန်တကယ်အသုံးပြုနေသည့်အပေါ်မူတည်သည်ဟုပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

Myanmar Public Press သတင်းဌာနမှ အယ်ဒီတာကိုခန့်က ပခုက္ကူ–မြိုင် ကားလမ်းသည် မိုင်အားဖြင့် ၂၇ မိုင် ကွာဝေးသော်လည်း PDF များ စိုးမိုးထားသည့် နယ်မြေဖြစ်နေကြောင်း၊ မြိုင်မြို့နယ်အတွင်းရှိကျေးရွာများမှ အေးချမ်းစွာနေလိုသည့် ရဟန်းသံဃာများ၊ ပြည်သူလူထုများကို PDF များက ဒလန်ဟုစွပ်စွဲပြီး ဖမ်းဆီးသတ်ဖြတ်နေကြကြောင်း၊ သက်ဆိုင်ရာအနေဖြင့် မြိုင်မြို့နယ်မှ အကြမ်းဖက်များကို အမြစ်ဖြတ်ချေမှုန်းရန် ပြည်သူများက လိုလားလျက်ရှိကြောင်း၊ မြိုင်မြို့နယ်အတွင်းရှိ အကြမ်းဖက်များရပ်တည်နိုင်ရန် အဓိကထောက်ပံ့နေသည့်အရာမှာ ဒေသတွင်းရှိ ရေနံမြေများဖြစ်ကြောင်း၊ အစိုးရအနေဖြင့်ထိုရေနံမြေများကိုပိတ်သိမ်းပြီး အကြမ်းဖက်သမားများ၏ ပင်မရေသောက်မြစ်ကို သက်ဆိုင်ရာက အမြန်ထိန်းချုပ်ပေးစေလိုကြောင်း၊ မြိုင်မြို့နယ်မှ ပြည်သူများကလည်း လိုလားလျက်ရှိကြောင်း၊ သက်ဆိုင်ရာများအနေဖြင့် လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်များရှိပါက သိရှိလိုကြောင်းနှင့် ပညာရေးဝန်ကြီးဌာနမှ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမအပ်နိုင်ရသည့် ကလေးငယ်များကို ကျောင်းအပ်ရန် တိုက်တွန်းထားကြောင်း၊ မုံရွာမြို့နယ်တွင် ကျောင်းအပ်နှံ၍မရသေးဟု သတင်းကြားသိရကြောင်း၊ ယင်းကိစ္စကိုလည်း သိရှိလိုကြောင်း မေးမြန်းသည်။

လက်ယက်တွင်းရေနံများ ထွက်သည့်
အတွက်ကြောင့် အကြမ်းဖက်သမားများ
အထောက်အပံ့ရနေ

ဗိုလ်ချုပ်ဇော်မင်းထွန်းက ယင်းကိစ္စများကို သက်ဆိုင်ရာဝန်ကြီးဌာနများကိုလည်း သတင်းပြောကြားသွားမည်ဖြစ်ကြောင်း၊ မြိုင်မြို့နယ်အတွင်းတွင် မည်သည့်အတွက်ကြောင့် ဖြစ်ရသလဲဆိုသည်ကို ယခင်သတင်းစာရှင်းလင်းပွဲတွင် မိမိရှင်းပြခဲ့ပြီးဖြစ်ကြောင်း၊ ထိုနေရာများတွင်လည်း မြိုင်နှင့်အဓိက ဆက်စပ်နေသည့် လက်ပံတို၊ ကျောက်ခွက်စသည့် နေရာများတွင် လက်ယက်တွင်းရေနံများ ထွက်သည့်အတွက်ကြောင့် အကြမ်းဖက်သမားများ အထောက်အပံ့ရနေသည်ကိုသိရကြောင်း၊ ယင်းနှင့်ပတ်သက်ပြီး လုံခြုံရေးအရဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်ပြန်စိစစ်ပြီးဖြေရမည့် မေးခွန်းဖြစ်သည့်အတွက် ထိုအမှုတွဲကိုသာ ပေးခဲ့ပါဟု ပြောလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ **နိုင်ငံ့သစ္စာသတင်းဌာနမှ သတင်းထောက် ဦးအောင်ကျော်ဦး**က အပြစ်မဲ့ပြည်သူများကို နေ့စဉ်နှင့်အမျှ PDF များက သတ်ဖြတ်နေခြင်းကို အခြားမီဒီယာများကတင်ပြဖူးကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် PDF များကို အလင်းဝင်ရန် ဖိတ်ခေါ်ခြင်းကိုလည်း ဝမ်းသာမိကြောင်း၊ ကိုယ့်ညီလေး၊ ညီမလေးများကို ဒုက္ခမရောက်စေချင်သည့်စေတနာဖြစ်ကြောင်း၊ တစ်ဖက်လက်နက်ကိုင်အဖွဲ့အစည်းက ယခင်ကထက်ပို၍ သတ်ဖြတ်နေကြောင်း၊ ဥပမာ ကောလင်းမြို့နယ် သရက်ခုံကျေးရွာတွင် ကျောင်းဆရာ မောင်နှမအသတ်ခံရကြောင်း၊ ကျောင်းဆရာမ ဒေါ်ဌမ္မာဝင်းသည် နားရွက်နှစ်ဖက်၊ ရင်သားနှစ်ဖက် လှီးဖြတ်ခံရကြောင်း၊ ခြေထောက်များ ရိုက်ချိုးခံရကြောင်း၊ နောက်ဆုံးရင်ဝကိုဓားနှင့်ထိုးပြီး အသတ်ခံရကြောင်း၊ ရက်စက်မှုများက ကမ်းကုန်သွားပြီဟု ဆို၍ရကြောင်း၊ ယခုနောက်ပိုင်း ထိုထက်ပိုဆိုးလာခြင်းသည် အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများကို သတ်လျှင် မည်သို့မျှမသက်ဆိုင်သည့်၊ အပြစ်မရှိသည့်သားမယားများကို အကုန်သတ်သည့်စနစ်ဖြစ်လာကြောင်း၊ Mizzima၊ RFA ၊ ဧရာဝတီသတင်းဌာန၊ ခေတ်သစ်သတင်းဌာန၊ DVD သတင်းဌာနများမှ မည်သည့် PDF များက မည်သည့်အုပ်ကြီး၊ မည်သည့် ရာအိမ်မှူး၊ မည်သည့်ဒလန်ကိုသတ်သည်ဟု သတင်းလွှင့်လျှင် မည်သို့မျှမဖြစ်သော်လည်း မိမိတို့ကဲ့သို့ အမျိုးသားရေး သတင်းထောက်များ၊ သတင်းမှန်တင်သည်နှင့် ဒလန်စာရင်းတန်းဝင်သွားကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းစာရှင်းလင်းပွဲတက်သည်နှင့် ဘောမသူဖြစ်စေ၊ ဘောမမသူဖြစ်စေ ဘောမအဖြစ် တန်း၍စာရင်းဝင်သွားကြောင်း၊ တပ်မတော် အာဏာထိန်းသည့်ကာလမှ ယနေ့အထိဆိုပါက တစ်နှစ်နှင့်လေးလကျော်ခဲ့ပြီဖြစ်ကြောင်း၊ ထိုကာလအတောအတွင်း PDF များက ဒလန်ဟုစွပ်စွဲပြီးသတ်ခဲ့သည့် လူပေါင်း ငါးထောင်ကျော်သွားပြီဟုဆို၍ရကြောင်း၊ လက်ရှိတွင်လည်း သတ်နေဆဲဖြစ်ကြောင်း၊ နောင်လည်းသတ်နေဦးမည်ဟုယူဆရကြောင်း၊ ဗိုလ်ချုပ်တို့အနေဖြင့် လက်နက်ကိုင်သတ်နေသည့် PDF များက အရပ်ဘက်ဝန်ထမ်းများ၊ မတူကွဲပြားသည့် ပါတီဝင်များ၊ အမျိုးသားရေးလှုပ်ရှားသူများ၊ အမျိုးသားနိုင်ငံရေးပြည်တွင်း သတင်းထောက်များ၊ အပြစ်မဲ့ပြည်သူများ၊ ရဟန်းသံဃာတော်များကို ယခုထက်ပိုပြီး အသတ်မခံရစေရန် မည်ကဲ့သို့ အပြည့်အဝကာကွယ်ပေးနိုင်မည်ဆိုသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

ပြည်သူ့စစ်များဖွဲ့စည်းဆောင်ရွက်

ဗိုလ်ချုပ်ဇော်မင်းထွန်းက ထိုကဲ့သို့သတ်ဖြတ်ရန် လှုံ့ဆော်သူများရှိနေကြောင်း၊ ဘုန်းကြီးများကို သတ်၍မရလျှင် ဘုန်းကြီးကျောင်းကိုသွားသည့် လူများကို သတ်ဟုဆိုသည့် ပြောဆိုချက်များကိုလည်း တွေ့ရကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် ပတ်သက်ပြီး လုံခြုံရေးအဖွဲ့အစည်းများနှင့် ပြည်သူ့စစ်များဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုအဖွဲ့များနှင့်ဆက်သွယ်ရန် မိမိပြောလိုကြောင်း၊ အားလုံးပါဝင်မှ၊ ကိုယ်တိုင်လည်းပါဝင်မှရမည်ဟု ပြောလိုကြောင်း၊ မိမိတို့အနေဖြင့် လိုအပ်သည့် ထောက်ပံ့မှုများကို အချိန်အတိုင်းအတာအရ ဆောင်ရွက်ပေးသွားမည်ဟု ပြန်လည်ဖြေကြားသည်။

> **“ထိုကဲ့သို့သတ်ဖြတ်ရန် လှုံ့ဆော်သူများရှိနေကြောင်း၊ ဘုန်းကြီးများကို သတ်၍မရလျှင် ဘုန်းကြီးကျောင်းကိုသွားသည့် လူများကိုသတ်ဟုဆိုသည့် ပြောဆိုချက်များကိုလည်း တွေ့ရကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် ပတ်သက်ပြီး လုံခြုံရေးအဖွဲ့အစည်းများနှင့် ပြည်သူ့စစ်များဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုအဖွဲ့များနှင့်ဆက်သွယ်ရန် မိမိပြောလိုကြောင်း၊ အားလုံးပါဝင်မှ၊ ကိုယ်တိုင်လည်းပါဝင်မှရမည်ဟု ပြောလိုကြောင်း၊ မိမိတို့အနေဖြင့် လိုအပ်သည့် ထောက်ပံ့မှုများကို အချိန်အတိုင်းအတာအရ ဆောင်ရွက်ပေးသွားမည်”**

နိုင်ငံ့သစ္စာအွန်လိုင်းသတင်းဌာနမှ သတင်းထောက် ဦးအောင်ကျော်ဦးက ဧရာဝတီတိုင်းဒေသကြီး ဟသံတခရိုင် ဟသံတမြို့နယ် ဒူးယားမြို့ ယခင် ဒူးယားတိုက်နယ်ကို ၁၉၉၁ ခုနှစ်ကစပြီး တိုက်နယ်မြို့ပြောင်းရန် စီမံကိန်းလုပ်ခဲ့ကြောင်း၊ ထိုစီမံကိန်းထဲတွင် အိမ်ထောင်စုဝင် ၁၄၀ ၏ လယ်ယာမြေ ၇၂ ဒသမ ၅၅ ဧကနှင့် ခြံမြေ ၅၂ ဧက သိမ်းဆည်းခံခဲ့ရကြောင်း၊ ယနေ့အထိ နစ်နာကြေးမရခဲ့ကြောင်း၊ ထို့ကြောင့် ပြည်သူ့အိမ်ထောင်စု ၁၄၀ ကို သနားဇဲ့ညာသောအားဖြင့် မေတ္တာရှေ့ထားပြီး မည်သို့ကူညီဆောင်ရွက်ပေးနိုင်မည်ကို သိလိုကြောင်း၊ အခြားမေးခွန်းတစ်ခုမှာ နိုင်ငံတော်ကပေးပြီးသားကို အောက်ခြေဝန်ထမ်းများထံတွင် ကြန့်ကြာနေခြင်းရှိ၊ မရှိ၊ နိုင်ငံတော်အစိုးရက နစ်နာခဲ့သည့် ပြည်သူများကိုပေးခြင်း ရှိ၊ မရှိသိလိုပါကြောင်း မေးမြန်းသည်။

ဗိုလ်ချုပ်ဇော်မင်းထွန်းက ယင်းကိစ္စများမှာ ပြည်ထောင်စုအဆင့် ရုံးများ ရှိကြောင်း၊ ဒေသတွင်းရှိ ရုံးများ ရှိကြောင်း၊ ကိုယ်ထူကိုယ်ထ ရုံးများ ရှိကြောင်း ပြန်ကြားပြီး ကိုယ်ထူကိုယ်ထ ရုံးများ ရှိကြောင်းကို ဒေသခံပြည်သူများ ကိုယ်တိုင်ကိုယ်စား ကိုယ်ပိုင်ကိုယ်ပိုင် ကိုယ်ထူကိုယ်ထ ရုံးများ ဖွင့်ထားကြောင်း ပြန်ကြားသည်။

ကိုကိုလှိုင်

ဓာတ်ခွဲနမူနာစုစုပေါင်း ၅၂၈၉ ခုအား စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၅ ဦးတွေ့ရှိ

ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများကို ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၂၈၉) ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၅) ဦးတွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၅၄၇,၇၃၈)ခုကို စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၄,၁၂၈) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများကို နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၂) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၉၂၂) ဦးရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦးရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများကို ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား/ကျောင်းသူများ၊ ကျောင်းနေပြင်ပကလေးများနှင့် ပြည်သူများအားလုံးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လအတွင်းရောက်ရှိသော ပြည်သူများကို ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ (၂-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ဓာတ်ခွဲဌာနအမည်	စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း	ပိုးတွေ့ လူနာသစ်
ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ	(၇၉) ခု	-
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ	(၅) ခု	(၁)ဦး
တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ	(၂၃၂) ခု	-
ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ	(၆၂၁) ခု	(၆)ဦး
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ	(၈၂၅) ခု	-
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ	(၃,၅၂၇) ခု	(၈)ဦး
စုစုပေါင်း	**(၅,၂၈၉) ခု**	**(၁၅)ဦး**

ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

စဉ်	နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
၁။	အမေရိကန်	၉၃၂,၅၁၁,၁၁၀	၈၈၃,၃၅၅,၆၈	၁၀,၅၅,၅၇,၆
၂။	အိန္ဒိယ	၄၄,၀၅,၀၀,၀၉	၄,၃,၈,၃,၈,၇	၅,၂,၆,၄,၀
၃။	ပြင်သစ်	၃,၃,၈,၆,၈,၄	၃,၂,၉,၆,၇,၆,၈	၁,၅,၁,၀,၉
၄။	ဘရာဇီး	၃,၃,၈,၅,၈,၀,၅	၃,၄,၂,၁,၃,၀,၉	၆,၇,၈,၉,၂
၅။	ဂျာမနီ	၃,၀,၉,၅,၈,၇,၃	၂,၉,၁,၈,၀,၀,၀	၁,၄,၁,၁,၅,၀
၆။	ဗြိတိန်	၂,၃,၀,၄,၄,၇,၉	၂,၂,၅,၈,၁,၁	၁,၈,၃,၉,၃,၃
၇။	အီတလီ	၂,၁,၀,၉,၅,၄,၅	၁,၉,၆,၃,၂,၈,၅	၁,၇,၂,၀,၇
၈။	တောင်ကိုရီးယား	၁,၉,၃,၂,၄,၃,၉	၁,၈,၆,၅,၀,၇,၄	၂,၅,၀,၈,၄
၉။	ရုရှား	၁,၈,၆,၂,၁,၀,၃	၁,၇,၉,၉,၀,၀,၄,၈	၃,၈,၂,၅,၁,၇
၁၀။	တူရကီယဲ	၁,၅,၈,၈,၉,၄,၅,၅	၁,၅,၈,၇,၄,၆,၈	၉,၉,၃,၁

အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

စဉ်	နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
၁။	ဗီယက်နမ်	၁,၀,၇,၈,၃,၆	၉,၉,၃,၇,၁,၂	၄,၃,၀,၉,၄
၂။	အင်ဒိုနီးရှား	၆,၂,၁,၆,၆,၂,၁	၆,၀,၁,၀,၅,၅	၁,၅,၇,၀,၂,၈
၃။	မလေးရှား	၄,၆,၈,၃,၆,၆	၄,၆,၀,၆,၂,၅	၃,၅,၉,၇,၇
၄။	ထိုင်း	၄,၅,၉,၄,၁,၇	၄,၅,၄,၀,၆,၈,၄	၃,၁,၃,၃,၄
၅။	ဖိလစ်ပိုင်	၃,၇,၈,၈,၂,၂	၃,၆,၈,၉,၉,၇,၄	၆,၀,၇,၄,၉
၆။	စင်ကာပူ	၁,၇,၁,၈,၇,၆,၅	၁,၆,၂,၈,၀,၅,၃	၁,၅,၀,၂
၇။	မြန်မာ	၆,၁,၄,၁,၈	၅,၉,၂,၉,၂,၂	၁,၉,၃,၃,၄
၈။	လာအို	၂,၁,၃,၇,၅	၂,၀,၈,၃,၄,၄	၇,၅,၇
၉။	ဘရူနိုင်း	၂,၀,၅,၈,၉,၀	၁,၆,၄,၁,၁,၆	၂,၂,၅
၁၀။	ကမ္ဘောဒီးယား	၁,၃,၆,၈,၆,၈	၁,၃,၃,၅,၆,၉	၃,၀,၅,၆

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် သြဂုတ် ၂

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီတစ်ခု၊ ယာဉ်စီးရေတစ်စီးဖြင့် နှာခေါင်းစည်း ၁၁ ဒသမ ၁၅ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များ ကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mmတွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

မြန်မာ့ပင်လယ်ပြင်

နေပြည်တော် သြဂုတ် ၂

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၂ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

အမေရိကန်နိုင်ငံ၏ ဒရုန်းဖြင့် တိုက်ခိုက်မှုအတွင်း အယ်လ်ခိုင်ဒါခေါင်းဆောင် အယ်လ်ဇာဝါဟီရီသေဆုံးခဲ့ဟု အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်ပြောကြား

ဝါရှင်တန် သြဂုတ် ၂

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးလ်၌ အမေရိကန်နိုင်ငံ၏ ဒရုန်းဖြင့်တိုက်ခိုက်မှုအတွင်း အယ်လ်ခိုင်ဒါခေါင်းဆောင် အယ်လ်ဇာဝါဟီရီသေဆုံးခဲ့ကြောင်း အမေရိကန်နိုင်ငံသမ္မတ ဂျိုးဘိုင်ဒင်က ယနေ့တွင်ပြောကြားခဲ့သည်။

အမေရိကန်သမ္မတဂျိုးဘိုင်ဒင်သည် အဆိုပါအယ်လ်ခိုင်ဒါခေါင်းဆောင်တစ်ဦးဖြစ်သည့် အယ်လ်ဇာဝါဟီရီကို စစ်မြေပြင်အတွင်းမှဖယ်ရှားရေး ခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

အသက် ၇၁ နှစ်အရွယ်ရှိ အယ်လ်ဇာဝါဟီရီသည် အယ်လ်ခိုင်ဒါထိပ်တန်းခေါင်းဆောင် အိုစမာဘင်လာဒင် သေဆုံးခဲ့ပြီးနောက် ၂၀၁၁ ခုနှစ်တွင် အယ်လ်ခိုင်ဒါထိပ်တန်းခေါင်းဆောင်တစ်ဦး ဖြစ်လာခဲ့ကြောင်း သိရသည်။

အမေရိကန်သမ္မတဂျိုးဘိုင်ဒင်၏ အဆိုပါအယ်လ်ခိုင်ဒါခေါင်းဆောင်အား အာဖဂန်စစ်မြေပြင်အတွင်းမှ ဖယ်ရှားမည့်ဆုံးဖြတ်ချက်သည် အယ်လ်ခိုင်ဒါအဖွဲ့က ၂၀၀၁ ခုနှစ်စက်တင်ဘာ ၁၁ ရက်က အကြမ်းဖက်တိုက်ခိုက်မှုကို တုံ့ပြန်သည့်အနေဖြင့် အမေရိကန်တပ်ဖွဲ့ဝင်များ အာဖဂန်နစ္စတန်မှ ဆုတ်ခွာပြီး တစ်နှစ်အကြာတွင် ထွက်ပေါ်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၃၇၃၄ ဦး ထပ်မံတွေ့ရှိ

နယူးဒေလီ သြဂုတ် ၂

အိန္ဒိယနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၃၇၃၄ ဦးထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၄၄၀၅၀၀၀၉ ဦး ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက သြဂုတ် ၂ ရက်တွင် ထုတ်ပြန်ခဲ့သည့် အချက်အလက်များအရ သိရသည်။ အိန္ဒိယနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာ ၁၃၉၇၉၂ ဦးရှိကြောင်း သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၃၄ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့်သေဆုံးသူပေါင်း ၅၂၆၄၃၀ ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ပြည်သူ ၈၇၅ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု ရှိ၊ မရှိ စမ်းသပ်စစ်ဆေးမှုများပြုလုပ်ပြီး ဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၁၇၈၉၇ ဦးရှိခြင်းကြောင့် ပြန်လည်ကျန်းမာလာသူပေါင်း ၄၃၃၈၃၇၈၇ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအစီအစဉ်အောက်တွင် ယနေ့ နံနက်ပိုင်းထိကာလအတွင်း ကာကွယ်ဆေးအလုံးရေ ၂၀၄၆၀၈၁၀၈၁ လုံး ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်

တောင်ကိုရီးယားနိုင်ငံ၌ ရောဂါကူးစက်ခံရသူ တစ်သိန်းကျော် ထပ်မံတွေ့ရှိ

ဆိုးလ် သြဂုတ် ၂

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၁၁၇၈၉ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၉၉၃၂၄၃၃ ဦးရှိလာကြောင်း တောင်ကိုရီးယားကျန်းမာရေး အာဏာပိုင်များက ယနေ့တွင်ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနက် ၅၆၈ ဦးသည် ပြည်ပမှပြန်လည်ရောက်ရှိလာသူများ အနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ကျန်ရှိသူများသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

ထို့ပြင် တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၁၇ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူပေါင်း ၂၅၀၈၄ ဦးရှိလာကြောင်း တောင်ကိုရီးယား ကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

အဆိုပါကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ အရေအတွက်သည် တောင်ကိုရီးယားနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း၏ သုညဒသမ ၁၃ ရာခိုင်နှုန်းရှိကြောင်းသိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်

ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၁၇ ဦး ထပ်မံတွေ့ရှိ

ဟန္နိုင်း သြဂုတ် ၂

ဗီယက်နမ်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၁၇ ဦး ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၇၈၃၀၂၆ ဦး ရှိလာကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ပြောကြားသည်။ ယခုကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူများတွင် ပြည်တွင်း၌ ရောဂါကူးစက်ခံရသူ ၂၀၀၀ ရှိပြီး ကျန်ရောဂါ ကူးစက်ခံရသူများမှာ ပြည်ပမှ ပြန်လည် ရောက်ရှိလာသူများ ဖြစ်ကြောင်း သိရသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၃၀၉၄ ဦးရှိပြီး ကိုဗစ်-၁၉ ရောဂါ ပြင်းထန်စွာခံစားရသဖြင့် အသက်ရှူအထောက်ကူပြု ကိရိယာတပ်ဆင်ထားရသူ ၃၉ ဦး ရှိကြောင်း သိရသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည် ကျန်းမာလာသူ ၉၉၃၂၇၁၂ ဦး ရှိကြောင်း သိရသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေး အလုံးရေ ၂၄၆ ဒသမ ၄ သန်းကို ထိုးနှံပေးခဲ့ရာ အသက် ၁၈ နှစ်နှင့် အထက်ရှိသူ ၂၁၃ ဒသမ ၄ သန်း အား ထိုးနှံပေးခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်း BA.4၊ BA.5 BA.2.12.1 အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုများ တွေ့ရှိရသဖြင့် လေးကြိမ်မြောက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

တရုတ်နိုင်ငံကျေးလက်ဒေသတွင် သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မည်

ပေကျင်း သြဂုတ် ၂

တရုတ်နိုင်ငံသည် ကျေးလက်ဒေသတွင် သိပ္ပံနှင့်နည်းပညာတိုးတက်ရေးအတွက် အမျိုးသားအဆင့်ဆောင်ရွက်ချက်အဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအစီအစဉ်အရ နိုင်ငံအတွင်းရှိ ကျေးလက်ဒေသများတွင် နည်းပညာဆိုင်ရာသင်တန်းများပေးခြင်း၊ ဟောပြောခြင်းနှင့် စက်မှုလုပ်ငန်းများအတွက် လမ်းညွှန်မှုများပေးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံအတွင်းရှိ သိပ္ပံနှင့်နည်းပညာဆိုင်ရာ အဖွဲ့အစည်းများ အနေဖြင့် ကျေးလက်ဒေသရှိ နည်းပညာဆိုင်ရာလုပ်သားများကို ယခုအစီအစဉ်အရ အကူအညီများပေးအပ်ရန် ဆောင်ရွက်သွားရမည်ဖြစ်သည်။ ယခုအစီအစဉ်အရ ကျေးလက်ဒေသများတွင် သိပ္ပံနှင့်နည်းပညာဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ရန်အတွက် တာဝန်ရှိသူများက ဆောင်ရွက်သွားမည်ဖြစ်သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

တရားမဝင်သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ မော်တော်ယာဉ်အပိုပစ္စည်း၊ စက်မှုလုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

ပဲခူးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် သြဂုတ် ၂

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၃၀ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်မြို့ ကလွင်မီးပြ မြောက်ဘက် သုည ဒသမ ၆ မိုင်ခန့်အကွာတွင် တရားမဝင် သစ်မျိုးစုံ ၆ ဒသမ ၂၂၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၃၃၀၀)နှင့် အဆိုပါသစ်များ သယ်ဆောင်လာသည့် သစ်သားကိုယ်ထည် စက်လှေတစ်စင်းနှင့် ဆက်စပ်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၅၃၃၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၃၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပဲခူးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ တာဝန်ကျ စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ခရီးသည်တင်ယာဉ်တစ်စီးပေါ်၌ စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ မော်တော်ယာဉ်အပိုပစ္စည်း၊ အဝတ်အထည်ဟောင်း(ဘေထုပ်)များနှင့် ဘုရားဆင်းတုတော်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၄၃၅၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကို လည်းကောင်း၊ ဘုရားကြီးတိုးဂိတ်အနီး၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ခရီးသည်တင်ယာဉ်တစ်စီးပေါ်တွင် တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စက်မှုလုပ်ငန်းသုံးပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၇၀၅၅၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၀၀၀၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၉၀၅၅၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကုန်တင်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းများ ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် သြဂုတ် ၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် DJI တံဆိပ် ဒရုန်းတစ်စုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၇၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၃၀ ရက်၊ ၃၁ ရက်နှင့် သြဂုတ် ၁ ရက်များတွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၀ မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၉၆၂၈၈၀၀ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

သာပေါင်းမြို့နယ်၌ ကြေးတိုင်အင်းများအတွင်း ငါးမျိုးစိုက်ထည့်

ပုသိမ် သြဂုတ် ၂

ဧရာဝတီ တိုင်းဒေသကြီး သာပေါင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနသည် အင်းချောင်းများအတွင်း ငါးသယံဇာတပေါများစေရေး၊ စဉ်ဆက်မပြတ် ငါးထုတ်လုပ်နိုင်ရေး၊ ပြည်သူများငါးရိက္ခာဖူလုံစေရေးနှင့် သားစဉ်မြေးဆက် ငါးစားသုံးနိုင်ရေး ရည်ရွယ်၍ ကြေးတိုင်အင်းချောင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် သာပေါင်းမြို့နယ် ဂုံညင်းတန်းကျေးရွာအုပ်စု ရွှေညောင်ပင် ဂုံညင်းတန်း အောက် ဌတန်းပိုင်းအင်းအတွင်း ပြုလုပ်သည်။

ငါးမျိုးစိုက်ထည့်

အဆိုပါအခမ်းအနားသို့ ပုသိမ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူးဦးအေးနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးကျော်တိုး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမျိုးသိမ်းနှင့် ဝန်ထမ်းများ၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ အင်းသားကြီးများနှင့် ဒေသနေပြည်သူများ တက်ရောက်ခဲ့ကြပြီး ပုသိမ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအေးနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးကျော်တိုး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမျိုးသိမ်းတို့က ကြေးတိုင်လုပ်ကိုင်ခွင့်ရ အင်းသားကြီးများအားပေးအပ်ပြီး ရွှေညောင်ပင် ဂုံညင်းတန်းအောက် ဌတန်းပိုင်း အင်းအတွင်းသို့ လေးလက်မ အရွယ် ငါးမြစ်ချင်းကောင်ရေ တစ်သိန်းငါးသောင်းကို ကြေးတိုင်အင်းများအတွင်း ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

"ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် သြဂုတ် ၂

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ "စလင်းမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက ဆရာ ဆရာများအား ခြိမ်းခြောက်၍ မော်တော်ဆိုင်ကယ်များအား လုယက်ယူဆောင်ခဲ့သည့်ဖြစ်စဉ်"ခေါင်းစဉ်ဖြင့် သြဂုတ် ၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် "ချောင်းဦးမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများ တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသူများကို ဆေးရုံသို့ပို့ဆောင်စဉ် လူမှုကူညီရေးယဉ်များအား ထပ်မံမိုင်းဆွဲ တိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်" နှင့် ပတ်သက်သည့် ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ မနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃-၈-၂၀၂၂ ပုဒ္ဓဟူးနေ့

MRTV HD

- **၀၆:၀၀** မေတ္တာသုတ်၊ရတနာသုတ်၊တောရွက်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၉:၄၅** မြန်မာ့ကျောက်မျက်ရတနာ
- **၁၀:၀၀** သတင်းထူးသတင်း
- **၁၀:၃၀** သဘာဝအလှတရားတို့ထိတွေ့ခဲ့သည့်တစ်ခေတ
- **၁၃:၃၀** MRTV National News
- **၁၄:၄၅** ၂၀၂၂ခုနှစ်၊ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၁၉)နှစ်အောက်အမျိုးသား ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု (ဝိုလ်လုပ္ပဲ)(ကရင်အသင်းနှင်မွန်အသင်း)
- **၁၈:၂၀** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ခုနှစ်၊ဇူလိုင်လ)(တတိယပိုင်း)
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၅** '(၃၀)ခြာမဝံလာ'(ဦးနန်းဝင်းရေးသားပူဇော်တင်ဆက်သည်)'**ဂါရဝဝါ၊နိဝါင်တာ၀**'
- **၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**ဘတ်ခတက်ဘာအက်ဆား**'(အပိုင်း-၃၇)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း ပိုးလေဝသအခြေအနေ
- **၂၁:၀၀** သံစဉ်ဝေခြာစတီရီယိုတေးကဗျာ
- **၂၁:၁၅** (၁၅)ကြိမ်မြောက်သိုးဈေး၊ရေး၊တီးပြိုင်ပွဲ (ဇာတ်တော်ကြီးပြိုင်ပွဲ) '**သုဝဏ္ဏသာမဇာတ်တော်ကြီး**'
- **၂၂:၄၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**အချစ်ဆိုသည်မှာ**'(အပိုင်း-၄)

mitv

- **07:02** Evergreen Classic: Aseinnaya (Takkatho Lae Lae)
- **07:10** Myanmar Cultural Identities (Hintha or Hamsa)
- **07:36** Danu Food: Mone Nyin Saw Dish
- **07:41** Ecotourism: The world Famous Novelist George Orwell's House
- **08:01** Pan Tamawt... Stone Carving
- **08:29** Tour Around in Myeik Archipelago (Epi-1) Baliey and Smart Islands
- **08:44** Lacquerware Technology College
- **09:01** News
- **09:26** Global Partnership for Brighter Future: Bosnia & Herzegovina Pavilion at Expo 2020 Dubai
- **09:34** Artist Life: Designer May Myat Waso
- **09:48** Amazing: Sayargyi Nyein Chan Aung

MRTV NRC

- **အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** တောင်တန်းများကြားကလေးဟယ်မြို့
- **ချင်း(လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)** နွားနောက်မြီးစွပ်ပြုတ်
- **ချင်း(ချိုး) (၀၈:၀၀ မှ ၀၉:၀၀)** သီးနှံသစ်အတွက်ဆုတောင်းခြင်း
- **မွန် (၀၉:၀၀ မှ ၁၁:၀၀)** မွန်ရိုးရာဝလေ့ပန့်ဖက်ထုပ်
- **ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)** အပြုတ်သီးနှင့်အမဲသားချက်
- **ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)** သွေးချင်းတို့ရိုးရာယဉ်ကျေးမှုများဆီသို့
- **၀ (၁၅:၀၀ မှ ၁၇:၀၀)** ပြောင်းပူးဟင်းရည်ပြုလုပ်နည်း
- **ကချင် (၁၇:၀၀ မှ ၁၉:၀၀)** ခါကြက်ဥပူတင်းလုပ်ကြမယ်
- **ကယား (၁၉:၀၀ မှ ၂၁:၀၀)** ကယားအမျိုးသားတို့၏အဲ့ဒိုးပေါ်မီအကအကြောင်း
- **ဓကကရင် (၂၁:၀၀ မှ ၂၂:၀၀)** ကရင်ပြူးလူမျိုးအများစုနေထိုင်ရာတောင်ကျရွာလေး
- **အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)** ကရင်စကားပုံများအကြောင်း(အပိုင်း-၁)

MRTV NEWS

- **၀၆:၀၀** အဖွင့်၊တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၂:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၄:၀၀** MRTV National News
- **၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၈:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၂:၀၀** ပြည်တွင်းသတင်း (LIVE)

MRTV PARLIAMENT

- **၀၉:၀၀** အဖွင့်၊အလံ
- **၀၉:၃၀** ဥပဒေရေးရာအကြောင်းကြားဇာတ်လမ်းတို 'ဘီလျက်နှင့်ထီနီချန်ရှု'
- **၁၀:၀၀** ပြည်ထောင်စုလွှတ်တော်ပွဲတော်မရှင် ၏ကြေညာချက်သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၄)
- **၁၁:၀၀** ရွေးချယ်တင်မြှောက်ပုံစနစ်(အပိုင်း-၃)
- **၁၁:၃၀** အတွေးအမြင် (အပိုင်း-၄)

MRTV FARMERS

- **၀၆:၀၀** အဖွင့်၊နိုင်ငံတော်သီချင်း၊နွားတံခွန်းဆက်
- **၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
- **၀၇:၀၀** ပဲမျိုးစုံစိုက်ပျိုးရေးတိုးချဲ့ပညာပေး
- **၀၇:၁၅** ဂရုညတည်ပြဖို့ ငြမ်းထိန်းသိမ်းစို့
- **၀၈:၀၀** ကော်ဖီသုတေသနမှုသည်ကော်ဖီကဏ္ဍ တိုးတက်ဖို့မျှော်ရည်
- **၀၈:၂၅** ဒေတာမီဒီအရည်အသွေးကောင်းရောင်းပန်းလှ
- **၀၉:၂၅** ရောဂါဒက်ဝံနိုင်ရည်ရှိဖို့စပ်မျိုး ခရမ်းချဉ်မျိုးများစိုက်ကြစို့

MRTV SPORTS

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၄၅** အားကစားလောကထဲကသူတို့အကြောင်း
- **၁၄:၄၅** ၂၀၂၂ခုနှစ်၊ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၉)နှစ်အောက်အမျိုးသား ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု (ဝိုလ်လုပ္ပဲ)(ကရင်အသင်းနှင့်မွန်အသင်း)
- **၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ်နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG နှင့်ဆက်သွယ်၍ Online စနစ်ဖြင့် Kaung For You တရားမဝင် ပညာသင်ကြားမှုအစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆရာ ဆရာမများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်နိုင်ရန် ဖိတ်ခေါ်

နေပြည်တော် သြဂုတ် ၂

အစိုးရ၏ပညာရေးစနစ် ပျက်ပြားစေရန် ရည်ရွယ်၍ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် NUG မှ အဖွဲ့ဝင် တရားခံပြေး ဇော်ဝေစိုးနှင့် ဂျာထွယ်ပန်တို့သည် Kaung For You တရားမဝင် ပညာသင်ကြားမှုအစီအစဉ်အား Online စနစ်ဖြင့် သင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။

ယင်းအစီအစဉ်တွင် ကျောင်းအုပ်ကြီးအဖြစ် တာဝန်ယူထားသူ ကောင်းသိုက်စိုး (CDM၊ လက်ထောက်မြို့နယ်ပညာရေးမှူး) အပါအဝင် ဝင်းဗိုလ်(ခ) ဘိုဘို(CDM၊ မူလတန်းပြ)နှင့် သန့်စင်ထိုက်(CDM၊ မူလတန်းပြ) တို့ သုံးဦးအား တာဝန်သိ ပြည်သူများ၏ သတင်းပေးပို့ချက်အရ ၂၀၂၂ ခုနှစ် ဇူလိုင် ၁၃ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) အောင်ပန်းမြို့နယ် လှည်းရိုးရပ်ကွက်ရှိ ပြည့်တန်ဆာအခန်း၌ အမျိုးသမီးများနှင့်အတူ သောက်စားပျော်ပါးနေချိန် ဖမ်းဆီးရမိခဲ့သည်။

Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်ကို ဦးစီးဦးဆောင်ခဲ့သူများ၊ လူငယ်များကို လမ်းမှားရောက်စေရန် တွန်းပို့ခဲ့သူများမှအပ ၎င်းတို့၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုများကြောင့် ပါဝင်ခဲ့ရသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများအား တစ်စုံတစ်ရာအရေးယူမှု ပြုလုပ်သွားမည်မဟုတ်ကြောင်းကိုလည်း သတင်းများ၊ ဆက်သွယ်မေးမြန်းမှုများကို ဖြေကြားခြင်းများဖြင့် အသိပေးပြောကြားပြီးဖြစ်သည်။

လက်ရှိအချိန်တွင် ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်များမှ စစ်ဆေးပေါ်ပေါက်ချက်များ အပေါ်အခြေခံ၍ Kaung For You Federal Private School တရားမဝင်စာသင်ကြားမှု အစီအစဉ်တွင် ပါဝင်သည့် ဆရာ ဆရာမများ၊ ငွေကြေးထောက်ပံ့မှုများ၊ ပူးပေါင်းပါဝင်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၏စာရင်းကို အသေးစိတ်ရရှိပြီးဖြစ်သည်။

Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆရာ ဆရာမများ အနက် အချို့သော ဆရာ ဆရာမများသည် မိမိတို့လုပ်ဆောင်ခဲ့သည့် မှားယွင်းသည့်လုပ်ရပ်များ အပေါ် အသိတရားရရှိခဲ့ပြီး အေးချမ်းစွာနေထိုင်လိုသည့်အတွက် ကိုယ်တိုင်အသိတရားဖြင့် ပြန်လည် ဆက်သွယ်လာမှုများရှိရာ ထိုကဲ့သို့ သတင်းပို့ ဆက်သွယ်လာသူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ် ပြည်သူ့ဘဝတွင် အေးချမ်းစွာ နေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်၍ Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်တွင် ပါဝင်ခဲ့ရသည့် ဆရာ ဆရာမများအနေဖြင့် ဥပဒေဘောင်အတွင်း၌ အေးချမ်းစွာနေထိုင်ဖြတ်သန်းနိုင်ရေးနှင့် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးတို့အတွက် နိုင်ငံတော်မှ သဘောထားကြီးစွာဖြင့် ပြန်လည်လက်ခံပေးသွားမည် ဖြစ်ပြီး ၂၀၂၂ ခုနှစ် သြဂုတ် ၇ ရက် နောက်ဆုံးထား၍ သက်ဆိုင်ရာ မြို့နယ်များရှိ စီမံအုပ်ချုပ်ရေးကောင်စီရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ် ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

❒ ကျောဖုံးမှ

ကျောင်းသုံးစာအုပ်များ မီးရှို့ဖျက်ဆီးခြင်း၊ အတင်းအဓမ္မ လုယူခြင်းစသည့် နည်းလမ်းမျိုးစုံအသုံးပြုကာ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ခြိမ်းခြောက်စာများ ရေးသားထား

ထိုသို့ လုပ်ဆောင်လျက်ရှိရာ သြဂုတ် ၁ ရက်နံနက် ၆ နာရီခွဲတွင် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ပန်းလားကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ခြိမ်းခြောက်စာများရေးသားထားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါစာသင်ကျောင်းဝင်းအတွင်းရှိ Grade-5 စာသင်ခန်းနံရံပေါ်တွင် မှတ်ဆေးအနီဖြင့် ခြိမ်းခြောက်စာများ ရေးသားထားသည်ကို တွေ့ရှိရသဖြင့် ဖယ်ရှားရှင်းလင်းခဲ့ကြောင်း သိရသည်။

မွန်ပြည်နယ် ရေးမြို့နယ်၌ စာသင်ကျောင်းအား ဝင်ရောက်ဖျက်ဆီးထားသည်ကို တွေ့ရစဉ်။

အလားတူ မွန်းလွဲ ၂ နာရီတွင် မွန်ပြည်နယ် ရေးမြို့နယ် ခေါဇာမြို့ ဆင်ကူးကျေးရွာ အခြေခံပညာမူလတန်းကျောင်းဝင်းအတွင်းရှိကျောင်းပစ္စည်းများ ဖျက်ဆီးခံရကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါကျောင်းဝင်းအတွင်းသို့ အကြမ်းဖက်သမားများက ဝင်ရောက်ဖျက်ဆီးခဲ့မှုကြောင့် ဝန်ထမ်းအိမ်ရာအား ရေပေးဝေသည့် ကော်ပိုက်၊ ကျောင်းဆောင်အတွင်းရှိ ဘုရားစင်တွင် တပ်ဆင်ထားသည့် အဝတ်စများ၊ ရေစင်နှင့် ကျောင်းဆောင်ရှေ့ လက်ဆေးဘေစင်ရှိ ရေပိုက်များ၊ ကျောင်းဆောင်အတွင်း နံရံ၌ တပ်ဆင်ထားသော ပန်းချီကားချပ်များ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိသည်။ တိုင်းရင်းသား ပြည်သူလူထု တစ်ရပ်လုံးအနေဖြင့်လည်း ယခုကဲ့သို့ ယုတ်မာရိုင်းစိုင်းသည့်လုပ်ရပ်ကို ကျူးလွန်ခဲ့သည့်၊ ကျူးလွန်ရန် အားပေးလှုံ့ဆော်နေသည့် NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအပေါ် ဝိုင်းဝန်းဆန့်ကျင်ကြရန်နှင့် အကြမ်းဖက်အဖွဲ့များ၏ လှုပ်ရှားမှုသတင်းများရရှိပါက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များထံ သတင်းပို့ခြင်းဖြင့် ပြည်သူ့ဝန်ထမ်းများ ပြန်လည်ကာကွယ်ပေးနိုင်ရန် ကြိုးပမ်းသင့်ကြောင်း သိရသည်။

သတင်းစဉ်

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် သြဂုတ် ၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

သိမ်းဆည်းခံရနိုင်

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော်ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့နယ် ဘုရင့်နောင်ရပ်ကွက်နေ ဟိန်းမင်းထွေးသည် ၎င်းအသုံးပြုသည့် “Hein Min Htwe” Facebook အကောင့်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၃၉) ရပ်ကွက်နေ အောင်ကျော်သူ(ခ)အောင်အောင်သည် ၎င်းအသုံးပြုသည့် “Aung Kyaw Thu” Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် အမှတ်(၆)ရပ်ကွက်နေ မြတ်သူ(ခ)ရက်စ်ကူးမားသည် ၎င်းအသုံးပြုသည့် “Myat Thu” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

❍ အာဆီယံ ယူ-၁၆ မှ

အုပ်စုကျပ်အတွင်း ကျရောက်နေသည့် မြန်မာအသင်းသည် အုပ်စုပထမပွဲတွင် အာရှထိပ်သီး ဩစတြေးလျှနှင့် စတင်ကစားရသော်လည်း စွမ်းဆောင်ရည်ကောင်းပြသကာ အနိုင်သုံးမှတ် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဩစတြေးလျှကို ဦးဆောင်ဂိုးများ အကြိမ်ကြိမ်သွင်းကာ အနိုင်ယူခဲ့ခြင်းဖြစ်ပြီး အုပ်စုတွင်းအင်အားအကြီးဆုံးအသင်းကို အနိုင်ရခဲ့သဖြင့် နောက်တစ်ဆင့်တက်ရန် မျှော်လင့်ချက်ကောင်းသွားခဲ့သည်။

အနိုင်ဂိုး သွင်းယူ

မြန်မာအသင်းနည်းပြချုပ် ဦးအောင်ဇော်မျိုးသည် ဆလိုင်းအုံ့ဘွယ်မောင် (ဂိုး)၊ သူရဇော်၊ ဟန်ထွန်းဇော်၊ ရှိုင်းဝဏ္ဏအောင်၊ မြတ်ဘုန်းခန့်၊ ခွန်းချိုထူး၊ ထူးဝေယံ၊ စောမျိုးဇော်၊ လင်းထက်ဦး၊ ကောင်းထက်၊ ဘရန်းဒွန်းလီတို့ဖြင့် ပွဲထွက်ခဲ့သည်။ ပွဲစကတည်းက မြန်မာအသင်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး သုံးမိနစ်တွင် စောမျိုးဇော်၊ ၂၃ မိနစ်တွင် ရှိုင်းဝဏ္ဏအောင်တို့က ဦးဆောင်ဂိုးများသွင်းယူခဲ့သည်။ ဩစတြေးလျှအသင်းသည် ၃၉ မိနစ်နှင့် ၄၄ မိနစ်တွင် ချေပဂိုးများ သွင်းယူခဲ့သဖြင့် ပထမပိုင်းတွင် နှစ်ဂိုးစီသရေကျနေသည်။ မြန်မာအသင်းသည် ဒုတိယပိုင်းတွင်လည်း အကောင်းဆုံးတုံ့ပြန်နိုင်ခဲ့ပြီး အနိုင်ဂိုးကို ၇၃ မိနစ်တွင် ပြည့်စုံအောင်က သွင်းယူခဲ့သည်။

အုပ်စု(ဂ)တွင် ဩစတြေးလျှ၊ မလေးရှား၊ မြန်မာနှင့် ကမ္ဘောဒီးယားအသင်းတို့ ပါဝင်နေပြီး မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် သြဂုတ် ၅ ရက်တွင် မလေးရှားအသင်းနှင့် ကစားရမည်ဖြစ်သည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-AFF

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၈-၂၀၂၂

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၁၇၂၅	၁၇၇၀	၁၇၆၅	၁၇၃၀	၁၇၇၀	၁၇၉၀	၁၇၇၅	၁၇၅၅	၁၈၅၀	၁၈၆၅	၁၇၆၀	၁၇၇၀	၁၈၀၅	၁၈၀၅	၁၈၁၀	၂၀၂၅	၂၆၈၀
95 Ron	၁၇၈၅	၁၈၃၅	၁၈၃၀	၁၇၉၅	၁၈၃၀	၁၈၅၅	၁၈၄၀	၁၈၂၀	၁၉၁၅	၁၉၃၀	၁၈၂၅	၁၈၄၀	၁၈၇၀	၁၈၇၀	၁၈၇၀	၂၀၉၀	၂၇၄၀
HSD (500 ppm)	၂၀၀၅	၂၀၅၀	၂၀၄၅	၂၀၁၅	၂၀၅၀	၂၀၇၅	၂၀၇၀	၂၀၃၅	၂၁၅၀	၂၁၄၅	၂၀၄၅	၂၀၅၀	၂၀၈၅	၂၀၈၅	၂၀၉၀	၂၃၁၀	၃၀၃၅
HSD (50 ppm)	၂၀၆၀	၂၁၁၀	၂၁၀၅	၂၀၇၀	၂၁၀၅	၂၁၃၀	၂၁၂၅	၂၀၉၅	၂၂၁၀	၂၂၀၅	၂၁၀၀	၂၁၁၀	၂၁၄၅	၂၁၄၅	၂၁၄၅	၂၃၆၅	၃၀၆၅
HSD (10 ppm)	၂၀၆၀	၂၁၁၀	၂၁၀၅	၂၀၇၀	၂၁၀၅	၂၁၃၀	၂၁၂၅	၂၀၉၅	၂၂၁၀	၂၂၀၅	၂၁၀၀	၂၁၁၀	၂၁၄၅	၂၁၄၅	၂၁၄၅	၂၃၆၅	၃၀၆၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၁၆၃၃	၁၆၉၉
95 Ron	၁၆၉၅	၁၇၆၃
HSD (500 ppm)	၁၉၀၇	၁၉၇၄
HSD (50 ppm)	၁၉၆၂	၂၀၃၁
HSD (10 ppm)	၁၉၆၂	၂၀၃၁

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ပြင်ဆင်ဖတ်ရှုပါရန်

သြဂုတ် ၂ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၁၆) တွင် ပါရှိသည့် **"လူမှုဖူလုံရေးအဖွဲ့မှ အာမခံအလုပ်သမားများအတွက် Provider Purchaser Split စာချုပ် ဆေးခန်းများ၌ ဆေးကုသမှုခံယူနိုင်မည့် (Enrolled) စာရင်းများ ထုတ်ပြန်ကြေညာခြင်း"** ၌ ဖော်ပြခဲ့သည့် အမှတ်စဉ် ၁၃ ပါ **"မိုးကောင်းရတနာဆေးခန်း(မော်ဘီ)"** အစား **"မယ်ဒီကဲလ်ဆေးခန်း (မော်ဘီ)"** ဟု လည်းကောင်း၊ အမှတ်စဉ် ၁၄ ပါ **"မိုးကောင်းရတနာဆေးခန်း (လှည်းကူး)"** အစား **"မယ်ဒီကဲလ်ဆေးခန်း (လှည်းကူး)"** ဟု လည်းကောင်း၊ အမှတ်စဉ် ၁၉ ပါ **"မိုးကောင်းရတနာဆေးခန်း(ဘောက်ထော်)"** အစား **"မယ်ဒီကဲလ်ဆေးခန်း (ဘောက်ထော်)"** ဟု လည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။

အလုပ်သမားဝန်ကြီးဌာန

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ မျောက်ကျောက်ရောဂါ အသိပညာပေး ဆွေးနွေး

ရန်ကုန် သြဂုတ် ၂

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ မျောက်ကျောက်ရောဂါ အသိပညာပေး ဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီက ကျင်းပသည်။

အဆိုပါ အသိပညာပေး ဆွေးနွေးပွဲကို ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိမွန်နှင့် ဒုတိယဦးစီးမှူး ဒေါ်အေးမဌူတို့က မျောက်ကျောက်ရောဂါနှင့် ပတ်သက်၍ သတိပြုစရာအချက်များဖြစ်သော မျောက်ကျောက်ရောဂါဖြစ်ပွားပုံ၊ ရောဂါကူးစက်ပုံ၊ မျောက်ကျောက်ရောဂါ၏ အဖြစ်များသော ရောဂါလက္ခဏာများ၊ ကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ၊ ကာကွယ်နိုင်ရန်နည်းလမ်းများကို ဆွေးနွေးကြသည်။

အသိပညာပေးဆွေးနွေး

ထို့နောက် မျောက်ကျောက်ရောဂါ အသိပညာပေးဆွေးနွေးပွဲကို ပြည်သူများ သိရှိနိုင်စေရန် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် ပြည်သူ့စာကြည့်တိုက်နှင့် We Love East Dagon Facebookpage တို့တွင် လွင့်တင်ပေးသွားမည် ဖြစ်ပြီး ယင်းရောဂါနှင့်ပတ်သက်၍ နံရံကပ်စာစောင်များ ပြုလုပ်ကာ ပြသခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဝင်းအိမွန်(ပြန်/ဆက်)



ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ် များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာ ဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

စုန်ရေဆန်ရေစီးပါလို့နှင့် အင်္ဂလန်ခရီးသွားရသစာစုများ စာအုပ်ထွက်ရှိ



နေပြည်တော် သြဂုတ် ၂

လေယာဉ်မှူးကြီး သိန်းဇော်ရေးသားသည့် စုန်ရေဆန်ရေစီးပါလို့နှင့် အင်္ဂလန်ခရီးသွားရသစာစုများ စာအုပ်ထွက်ရှိလာသည်။

စာအုပ်တွင် အင်္ဂလန်နိုင်ငံနှင့် စကေ့ဘ်တလန်နိုင်ငံတို့ရှိ သဘာဝအလှအပရေးရာများ၊ ရှေးဟောင်းရဲတိုက်ကြီးများ၊ ရှေးဟောင်းဘုရားကျောင်းကြီးများ၏ ဓာတ်ပုံများအပါအဝင် အင်္ဂလန်သို့အသွား၊ အမေ၏အမဲသားကင်နှင့် နာမည်ကျော် ဂျပန်အမဲသားကင်၊ မေတ္တာရောင်ပြန် ခရီးစဉ်(၁)နှင့်(၂) နှင့် စုန်ရေဆန်ရေစီးပါလို့ စသည့်ခရီးသွားရသ ဆောင်းပါး ၁၃ ပုဒ်ဖြင့် ဖန်တီးရေးသားထားပါသည်။

အဆိုပါစာအုပ်ကို ဂျူတီစာပေ အမှတ် - ၄၉၉ ၆-လွှာ(က) ဓမ္မာရုံလမ်း ၁၀ ရပ်ကွက် လှိုင်မြို့နယ်မှ တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ဖြန့်ချိထားသည်။

သတင်းစဉ်

မြန်မာနိုင်ငံ၏ရွေးကောက်ပွဲသမိုင်းမှတ်တမ်း(၁၈၈၆ - ၂၀၂၂) စာအုပ်ထွက်ရှိ

နေပြည်တော် သြဂုတ် ၂

ဦးစိုင်းကျော်သူရေးသားသော "မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲသမိုင်းမှတ်တမ်း(၁၈၈၆ - ၂၀၂၂)" စာအုပ်ထွက်ရှိလာသည်။ စာအုပ်တွင် မြန်မာနိုင်ငံသည် ၁၈၈၆ ခုနှစ် လွတ်လပ်ရေးဆုံးရှုံးပြီးနောက် ပထမဆုံး ရွေးကောက်ပွဲစတင်ကျင်းပခဲ့သည့် ၁၉၂၂ ခုနှစ်မှစ၍ ၂၀၂၀ ပြည့်နှစ်အထိ ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲ ၁၇ ကြိမ်၊ ကြားဖြတ် ရွေးကောက်ပွဲ သုံးကြိမ်၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ နှစ်ကြိမ်၊ ပြဋ္ဌာန်းခဲ့သောဖွဲ့စည်းပုံအခြေခံဥပဒေ သုံးမျိုးတို့နှင့် ယနေ့ မျက်မှောက်အချိန် ရွေးကောက်ပွဲ အလွန်ကာလ ၂၀၂၂ ခုနှစ်အထိ ဖြစ်စဉ်ဖြစ်ရပ်များကို ရေးသားထားသည်။ ထို့အပြင် နိုင်ငံရေးပါတီများ တည်ထောင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပူးပေါင်းဖွဲ့စည်းခြင်းများနှင့် ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မှုအခြေအနေ၊ ရွေးကောက်ပွဲများတွင် ရွေးကောက်တင်မြှောက်ခံရသော နိုင်ငံရေးပါတီများ၊ အမတ်များ/လွှတ်တော် ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲများတွင် တင်သွင်းလာသော ကန့်ကွက်လွှာအမှုများနှင့် အနိုင်အရှုံးရလဒ်များ၊ ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းခဲ့သော ဥပဒေ၊ နည်းဥပဒေများကို အခန်းရှစ်ခန်းခွဲ၍ ရေးသားထားပါသည်။ ၁၈၈၆ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ နှစ်ပေါင်း ၁၃၆ နှစ်အတွင်း မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲများနှင့်စပ်လျဉ်း၍ဖြစ်စဉ်၊ဖြစ်ရပ်များ၊ အကြောင်းအရာစုံလင်စွာဖော်ပြထားသောစာအုပ်ဖြစ်၍ နိုင်ငံသားတိုင်းဖတ်ရှုလေ့လာသင့်သော စာအုပ်ဖြစ်သည်။

စာအုပ်သည် စာမျက်နှာ ၅၀၅ မျက်နှာ၊ ခန့်ချုပ် (ကတ်ထူ) အဖုံး၊ ၁၉x၂၆ ဒသမ ၂၅ စင်တီမီတာရှိပြီး တန်ဖိုးငွေကျပ် ၂၀၀၀၀ ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရွေးကောက်ပွဲခုံရုံးဌာန၊ နေပြည်တော်၊ ဖုန်း ၀၆၇-၄၀၄၄၁၀၊ ၀၆၇-၄၀၄၄၀၈၊ ၀၉-၅၁၉၀၅၄၅ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။ သတင်းစဉ်

(၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာမသန်စွမ်းအားကစားအဖွဲ့ ရှေ့ ခုနစ်ခု၊ ငွေ နှစ်ခုနှင့် ကြေး သုံးခု ရရှိ

ရန်ကုန် သြဂုတ် ၂

အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်နေသည့် မြန်မာမသန်စွမ်းအားကစားအဖွဲ့သည် ယနေ့ ယှဉ်ပြိုင်မှုတွင် ရေကူးအားကစားနည်းမှ ရွှေတံဆိပ်သုံးခု၊ ပြေးခုန်ပစ်အားကစားနည်းမှ ရွှေတံဆိပ် တစ်ခုနှင့် ကြေးတံဆိပ် တစ်ခု ထပ်မံဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

ဝင်ရောက်ယှဉ်ပြိုင်

မြန်မာ အားကစားအဖွဲ့သည် JATIDIRI ရေကူးကန်၌ ကျင်းပသည့် ရေကူးပြိုင်ပွဲနှင့် MANAHAN ကွင်း၌ ကျင်းပသည့် ပြေးခုန်ပစ်ပြိုင်ပွဲများအား ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အောင်မြင့်မြတ်က အမျိုးသားမီတာ ၂၀၀ အလွတ်ကူးပြိုင်ပွဲနှင့် မီတာ ၁၀၀ ပက်လက်ကူးပြိုင်ပွဲတွင် ရွှေနှစ်ခု၊ ကျော်ထူးက မီတာ ၅၀ လိပ်ပြာကူးပြိုင်ပွဲတွင် ရွှေတစ်ခု၊ အမျိုးသမီးသံပြားပစ်ပြိုင်ပွဲတွင် ထက်ထက်အေးက ရွှေတစ်ခု၊ အမျိုးသမီး မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် ဝေဝေသင်းက ကြေးတစ်ခု ဆွတ်ခူးရရှိခဲ့ပြီး မြန်မာမသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌက အမျိုးသမီးသံပြားပစ် ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် ထက်ထက်အေး အား ဆုချီးမြှင့်ခဲ့ပြီး မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကြသည်။(ဝဲပုံ)

(၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာမသန်စွမ်းအားကစားအဖွဲ့ချုပ် အနေဖြင့် ပြေးခုန်ပစ်၊ မြားပစ်၊ ဂိုးလ်ဘော၊ ရေကူး၊ ဘောလုံး၊ ထိုင်လျက်ဘော်လီဘောနှင့် အလေးမ အားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ယနေ့အထိ မြန်မာမသန်စွမ်းအားကစားအဖွဲ့ချုပ်အနေဖြင့် ရွှေတံဆိပ်ခုနစ်ခု၊ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်သုံးခု စုစုပေါင်း ၁၂ ခု ရရှိလျက်ရှိကြောင်း သိရသည်။

ဗလစိုး

လီဗာပူးအသင်းက တိုက်စစ်မှူးဂျိုတာအား ၂၀၂၇ ခုနှစ်အထိ အသင်းတွင် ဆက်ရှိနေမယ့် စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆို

လီဗာပူးအသင်းဟာ အသင်းရဲ့ တိုက်စစ်ပိုင်းမှာ အားထားရတဲ့တိုက်စစ်မှူး ဂျိုတာကို ၂၀၂۷ ခုနှစ်အထိ ဆက်ရှိနေမယ့် စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုလိုက်ပြီဖြစ်တယ်လို့ သိရပါတယ်။

အသက် ၂၅ နှစ်အရွယ်ရှိ ပေါ်တူဂီကြယ်ပွင့် ဂျိုတာဟာ ၂၀၂၀ ပြည့်နှစ်အတွင်းက ဝုလ်ဗက်အသင်းကနေ ပြောင်းရွှေ့ကြေး ပေါင် ၄၁ သန်းနဲ့ လီဗာပူးအသင်းဆီ ပြောင်းရွှေ့လာခဲ့တာ ဖြစ်ပြီး လီဗာပူးအသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ၈၅ ပွဲ ပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုး၃၄ဂိုးအထိ သွင်းယူပေးထားတာလည်း ဖြစ်ပါတယ်။

တိုက်စစ်မှူး ဂျိုတာဟာ ပေါ်တူဂီနိုင်ငံ လက်ရွေးစင်အသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ၂၇ ပွဲအထိ နိုင်ပွဲရရှိအောင် စွမ်းဆောင်ပေးခဲ့သူဖြစ်ပြီး ပြီးခဲ့တဲ့ ဘောလုံးရာသီအတွင်းက လီဗာပူး အသင်းအတွက် သွင်းဂိုးစုစုပေါင်း ၂၁ ဂိုး သွင်းယူနိုင်ခဲ့ကာ အက်ဖ်အေဖလားနဲ့ အီးအက်ဖ်အယ်လ်ဖလားတို့ကို ရယူပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

တိုက်စစ်မှူးဂျိုတာရဲ့ ယခင် လီဗာပူးအသင်းနဲ့ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းဟာ ၂၀၂၅ ခုနှစ်မှာ ကုန်ဆုံးမှာဖြစ်ပြီး လက်ရှိအချိန်မှာ နောက်ထပ်နှစ်နှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ် ချုပ်ဆိုခဲ့တာလည်း ဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ တိုက်စစ်မှူး ဂျိုတာကို စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုခဲ့တဲ့အပြင် တိုက်စစ်မှူး ဆာဒီယိုမာနေး အသင်းကနေထွက်ခွာသွားခဲ့ပြီးနောက် တိုက်စစ်မှူး မိုဟာမက် ဆာလာကိုလည်း စာချုပ်သစ်ချုပ်ဆိုခဲ့တယ်လို့ သိရပါတယ်။

ငွေကြယ်



အာဆီယံ ယူ-၁၈ အမျိုးသမီးပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် မြန်မာအသင်း အရေးနိမ့်

ရန်ကုန် သြဂုတ် ၂

၂၀၂၂ အာဆီယံ ယူ-၁၈ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့တွင် အင်ဒိုနီးရှားနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်း ရှုံးပွဲကြုံတွေ့ပြီး ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့သည်။

မြန်မာအသင်းသည် ဆီမီးဖိုင်နယ်ပွဲအဖြစ် ဗီယက်နမ်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ လေးဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ရန် ကြိုးပမ်းခဲ့သော်လည်း လွဲချော်ခဲ့ရပြီး တတိယနေရာလုပွဲသာ ကစားရတော့မည်ဖြစ်သည်။

မြန်မာအသင်း၏ ပွဲထွက်လူစာရင်းတွင် မေဦးခင် (ဂိုး)၊ မေသက်မွန်မြင့်၊ ကြယ်စင်၊ ဖြူဖွေး၊ ဖြူဖြူဝင်း၊ ဝေဖူးအိမ်၊ နှင်းပွင့်အေး၊ ဟေမာန်စိုး၊ နန်းချိမ္မေး၊ ဆုမြတ်နိုးနှင့် ဇင်မိုးပြည့်တို့ ပါဝင်ခဲ့ပြီး အမာခံကစားသမားအချို့ ပါဝင်နိုင်ခြင်းမရှိခဲ့ပေ။ မြန်မာအသင်းသည် ဗီယက်နမ်တိုက်စစ်ကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းခဲ့သလို ဂိုးရရှိရန်အတွက် တိုက်စစ်နှင့် ကစားခဲ့သည်။ သို့သော် တိုက်စစ်ပုံဖော်ရာတွင် အမှားများခဲ့သဖြင့် ထင်သလောက်ထိရောက်မှု မရှိခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် တစ်ဂိုးသာပေးခဲ့ရသော်လည်း ဒုတိယပိုင်းတွင် သုံးဂိုးအထိပေးခဲ့ရသဖြင့် ဂိုးပြတ်သွားခြင်းဖြစ်သည်။ ဗီယက်နမ်အသင်းအတွက် ဂိုးများကို ၂၇ မိနစ်တွင် ဒိုသီအန်မိုင်၊ ၅၈ မိနစ်တွင် ငိုမင်ချူယင်၊ ၆၄ မိနစ်တွင် ထရန်နတ်လန်၊ ၉၀+၁ မိနစ်တွင် လူဟောင်ဗင်တို့က သွင်းယူခဲ့ပြီး မြန်မာအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၈၁ မိနစ်တွင် ဝေဖူးအိမ်က သွင်းယူခဲ့သည်။

တတိယနေရာလုပွဲနှင့်ဗိုလ်လုပွဲကိုသြဂုတ်၄ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

ကိုညီလေး

အသံတိတ်နဲ့ ကျိတ်ငိုသည်

ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ

(ယခင်အပတ်မှအဆက်)

အဘိုးကြီးကမေးတယ် “အမယ်ကြီး ဘာလုပ်ဖို့ မီးမွှေးနေတာလဲ” တဲ့။

“သြော်-မီးမွှေးတာက သက်ပျောက်ဆွမ်းကျွေးမလို့ပါ”ပေါ့။

“ယောက္ချားသေလို့လား၊ သားသမီးသေလို့လား” ထပ်မေးတယ်။

“သြော်-တောက်တီးတောက်တဲ့ သားကလေးက နေကောင်းပါတယ်၊ မလုပ်ပါနဲ့နော်၊ ကျုပ်ယောက္ချားသေတာကလည်း ကြာလှပါပြီ”

“ဒါဖြင့် မြေးသေလို့လား”

“သြော်-ဒီအဘိုးကြီး တော်သာ သေလိုက်တော့၊ ကျုပ်မြေးကိုတော့ လာမထိပါနဲ့၊ နိမိတ်မရှိ၊ နမာမရှိနဲ့၊ အဲဒီလို မပြောပါနဲ့”

“အကောင်းပြောတာပါ အစ်မကြီးရယ်၊ ဒီသက်ပျောက်ဆွမ်းဟာ ဘယ်သူ့အတွက်လဲလို့ သိချင်လို့ပါ”

“လောကစောင့်နတ်အတွက်ပါ၊ လောကစောင့်နတ် သေသွားလို့ပါ”

“ဟာ-လောကစောင့်နတ်က မသေပါဘူး”

“သေပါတယ်၊ ဒင်း သေလို့ ကျွန်မ ဒီလိုဒုက္ခရောက်နေရတာပေါ့”

“မသေပါဘူးဗျာ”

“သေပါတယ်”

အဲဒီလို အဘိုးကြီးနဲ့ အဘွားကြီး ငြင်းကြခုံကြ၊ ပြောကြဆိုကြတာပေါ့။ နောက်ဆုံးတော့ အဖွားကြီးက “ရှင်က ဘာလို့ လောကစောင့်နတ်မသေဘူးလို့ ပြောနိုင်ရတာလဲ”

“အော်-ဒါလား လောကစောင့်နတ်ဆိုတာ တခြားမဟုတ်ပါဘူး၊ ကျွန်ုပ်ပါပဲ”လို့ ပြောလိုက်တော့တာပေါ့။

အဲဒီကျတော့မှအဘိုးကြီးဟာ မိဘမေတ္တာကို တန်ဖိုးမထားကြလို့ မိခင်အိုကြီး ဒုက္ခရောက်နေတာကို စောင့်ရှောက်ဖို့ ရောက်လာတဲ့ သိကြားမင်းပါတဲ့။ သူက အယောင်ဆောင်လာတာကိုး။

အဲဒီအချိန်မှာပဲ သားတွေ၊ ချွေးမတွေကလည်း စိတ်ဓာတ်တွေ၊ အသိတွေ ပြောင်းသွားကြပြီးတော့ မြေးလေးကိုလက်ဆွဲပြီး အဘွားအမေအိုကြီးကို ရွာထဲလိုက်ရှာကြပါတယ်။

တစ်ဆင့်စကား တစ်ဆင့်နားနဲ့ ညွှန်လိုက်ကြတော့ သင်္ချိုင်းကုန်းကို ရောက်လာပါတယ်။

မြေးဦးကလည်း အဘွားကိုတွေ့ရော အတင်းပဲ တိုးပြီးလိုက်တော့တာပဲ။

သားတွေ သမီးတွေက ကိုယ်ကိုယ်တိုင် မိဘနေရာရောက်လာတော့၊ မိဘမေတ္တာတွေကို နားလည်လာတော့ အမေအိုကြီးကို တောင်းပန်ကြ၊ ထိုင်ပြီးတော့ ရှိခိုးကြပါတယ်။

အမေအိုကြီးကို အိမ်ပေါ်ပြန်ပြီးတင်၊ ချစ်ချစ်ခင်ခင်နဲ့ နေသွားလိုက်ကြတာ သေတပန်သက်တစ်ဆုံးတိုင်ပါပဲ။

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ကြီးမှာ ဗုဒ္ဓဘုရားရှင်က အမေကို လုပ်ကိုင်ကျွေးမွေးတဲ့သားကို မိဘကျေးဇူးတွေ ဟောပြတော်မူပါတယ်။ နောက်ဆက်ပြီး တရားရေအေးအမြိုက်ဆေး တိုက်ကျွေးတော်မူခဲ့ပါတယ်။

ဒီတရားစခန်းကြီးရဲ့ ညစဉ်ညတိုင်းဟောတဲ့ တရားတော်တွေက တစ်နာရီဆိုတဲ့အချိန်အတွင်းမှာ ဟောရတော့ ဒီဇာတ်တော်ကြီးထဲက ဂါထာတော်တွေကို ဟောဖို့ရာ အချိန်နည်းသွားပါပြီ။

အမိကကတော့ မိဘကျေးဇူး၊ မိဘတွေရဲ့ မျှော်လင့်ချက်တွေကို သိဖို့၊ နားလည်ဖို့ ဟောတယ်လို့ မှတ်ပါ။

ဒါကြောင့် အဂ္ဂိုရ်ပါဠိတော်ထဲက စကားတော်တွေကို အသေးစိတ်ရှင်းပြခဲ့တာဖြစ်ပါတယ်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက တရားလည်း ဟောကြားပေးလိုက်ရော မိခင်အိုကြီးကို လုပ်ကျွေးတဲ့ သားလေးဟာ သောတာပန်အဖြစ်ကို ရောက်သွားပါတယ်။ အခြားအခြား လူနတ်ဗြဟ္မာသတ္တဝါတွေလည်း တရားအသိတွေတိုးပွားကျေးဇူးများသွားကြပါတယ်။

အခုလည်းပဲ ဒီတရားတော်ကြီးကို နာကြားရသဖြင့် မိဘတွေရဲ့ ကျေးဇူးတွေကို မေ့နေရင်အမှတ်ရဖို့ ကျေးဇူးမဆပ်မိကြသေးရင် ကျေးဇူးဆပ်ဖို့၊ နောက် မိမိတို့သိထားတဲ့ တရားတွေကို မိဘတွေအတွက် သေသေချာချာ ပြန်ပြီးရှင်းပြပြောပြပေးဖို့ တိုက်တွန်းလိုက်ပါတယ်။

မိဘတွေအပေါ် မိမိတို့က မသိကျိုးကျွန်နေခဲ့တာတွေကို ပြုပြင်ပြီး မိဘတွေ ကိုယ်ကျန်းမာ စိတ်ချမ်းသာအောင် ထားနိုင်ကြသလို မိမိတို့လည်း ဘုရားရှင်ရဲ့တရားတွေနဲ့ ကိုယ်ကျန်းမာ စိတ်ချမ်းသာအောင် နေနိုင်တဲ့ သူတော်ကောင်းတွေ ဖြစ်ကြပါစေ။

သူတော်ကောင်းဓာတ်တွေ တစ်ဆင့်ထက်တစ်ဆင့် ရင့်သထက်ရင့်ပြီး အရိယာပုဂ္ဂိုလ်မြတ်ကြီးတွေဖြစ်ကာ နိဗ္ဗာန်ကို ရောက်ကြ၊ ရကြပါစေကုန်သတည်းလို့ ဆုတောင်းရင်းနဲ့ တရားနိဂုံးချုပ်ကြပါစို့။

သာဓု- သာဓု- သာဓု ပါဘုရား။ ။

ယဉ်ကျေးလိမ္မာအစပြု စာသင်ခန်းယဉ်ကျေးမှု(၅)

ဦးမင်းဟန်(ဘီအေ)

“ပူစူးမရေ”

“ဟုတ်ကဲ့ ဘိုးလေး၊ မြေးတို့ရောက်နေကြပါပြီ”

ဘိုးလေးကြွက်၏စကားကို ပူစူးမက ပြန်ပြောလိုက်ရင်း ရေးမှတ်စရာမှတ်စုစာအုပ်ကို ထုတ်လိုက်သည်။

“မြေးတို့တွေ ကျောင်းကောင်စီအသင်းတွေမှာရော ပူးပေါင်းဆောင်ရွက်မှုတွေရှိကြရဲ့လား”

“ဟုတ်ကဲ့၊ အသင်းမှာ ပူးပေါင်းဆောင်ရွက်မှုတွေကို ပြုလုပ်ပါတယ်။ နေ့အလိုက် အသင်းတွေကို တာဝန်ခွဲဝေပေးထားလို့ တာဝန်ကျတဲ့အသင်းက စာသင်ခန်းအတွင်းသန့်ရှင်းရေးလုပ်တာတို့ ကျောင်းရေအိုးစင်တွေ ရေဖြည့်တာတို့ကို အသင်းဝင်တွေနဲ့ အတူ ပူးပေါင်းလုပ်ဆောင်ကြပါတယ်။ မြေးတို့လည်း ကျရာတာဝန်ကို ကျေပွန်အောင် လုပ်ဆောင်ကြပါတယ်”

“အေးကွယ်၊ မြေးတို့က လိမ္မာကြပါပေတယ်”

ဘိုးလေးကြွက်က ပြောပြောဆိုဆို ရေနွေးကြမ်းပြည့်ပြည့်တစ်ခွက်ကို တစ်ကြိုက်တည်း မော့သောက်လိုက်သည်။ ပြီးမှ ဖြည်းဖြည်းချင်းဆက်ပြောသည်။

“ဒီနေ့ မြေးတို့ကို အထူးပြောချင်တာလေးတွေ ရှိတယ်။ စာသင်ခန်းယဉ်ကျေးမှုဆိုတာ တကယ်တော့ ကျယ်ဝန်းတယ်ကွယ့်။ စာသင်ခန်းထဲမှာ ရှိနေစဉ် လိုက်နာသင့်တဲ့အရာတွေကို စည်းကမ်းနဲ့အညီ လိုက်နာလုပ်ဆောင်မှုတွေဟာ စာသင်ခန်းယဉ်ကျေးမှုကို လိုက်နာတာပဲပေါ့ကွယ်”

“ဟုတ်ကဲ့ ဘိုးလေး”

“အထူးသတိထားရမှာက စာသင်ခန်းအတွင်းမှာ စကားသံကို အကျယ်ကြီးမပြောရဘူးနော်။ စာသင်ခန်းထဲရောက်တာနဲ့ ကျောပိုးအိတ်ကို စားပွဲခုံထဲ ပစ်ထည့်ပြီး ပြေးလွှားဆော့ကစားတာမျိုးကိုလည်း သတိထားရမယ်။ ဆော့ကစားတဲ့နေရာမှာလည်း ချော်လဲတတ်တယ်။ အချင်းချင်းတွန်းမိတာ၊ တိုက်မိတာမျိုးတွေလည်း ဖြစ်တတ်တယ်။ ပြီးတော့ လှေကားတက်တဲ့အခါမှာ အချင်းချင်းနောက်ပြောင်ကျီစယ်ရင်း ခြေချော်ကျတတ်တယ်။ တွန်းရင်းတိုးရင်း လဲတတ်တယ်။ အဲဒါတွေကို အထူးသတိထားရမယ်”

“ဟုတ်ကဲ့၊ မှတ်သားထားပါ့မယ်”

ပူစူးမက ပြောပြောဆိုဆို မှတ်စုစာအုပ်တွင် လိုက်ရေးနေရာ ကိုဦးနှင့် မောင်ထူးတို့လည်း မှတ်စုစာအုပ်များတွင် ကိုယ်စီလိုက်ရေးလိုက်ကြသည်။

“မုန့်စားကျောင်းဆင်းချိန်မှာလည်း စည်းကမ်းရှိရမယ်။ ကိုယ့်မှာပါလာတဲ့ထမင်းဘူးဖြစ်စေ၊ မုန့်ဘူးဖြစ်စေ အဲဒါကို အသံမမြည်အောင်ဖွင့်ပြီး အသာအယာ စားသောက်ရမယ်။ စားသောက်နေစဉ် အပြင်ကို ဖိတ်စဉ်မှုမရှိအောင် သတိထားစားသောက်ရမယ်။ စားသောက်ရာမှာလည်း သူငယ်ချင်းတွေနဲ့ စကားတွေများနေပြီး အချိန်ကို ဆွဲဆန့်သလိုမျိုးလည်း မဖြစ်စေရဘူးနော်။ စားစရာရှိတာကို ကိုယ့်ဘာသာ အာရုံစိုက်ကာ အချိန်တိုအတွင်း စားသောက်ပြီးစီးဖို့ လိုတယ်”

“ဟုတ်ကဲ့ ဘိုးလေး၊ မြေးတို့လည်း လိုက်နာကြပါတယ်။ ထမင်းစားကြာတာကတော့ မောင်ထူးပဲ ဘိုးလေး။ အမြဲတမ်းနောက်ကျနေတာ”

“ဟုတ်လား မောင်ထူး”

“ဟုတ်ပါတယ်။ မြေးက ထမင်းစားတာ နှေးတာကြောင့်ပါ”

“မဟုတ်ဘူး ဘိုးလေး။ သူက ထမင်းစားရင် အာရုံကများနေရော၊ တောင်ကြည့်မြောက်ကြည့်နဲ့ တွေ့တဲ့သူနဲ့ စကားကများသေးတယ်။ အဲဒါကြောင့် အမြဲတမ်းနောက်ကျတာ ဘိုးလေးရေ”

“ပူစူးမနော် နင်တော့လား ဟင်းဟင်း”

မောင်ထူးက ပူစူးမကို စူးစူးစိုက်စိုက်ကြည့်လိုက်ရင်း ပြန်ပြောလိုက်ခြင်းဖြစ်သည်။ မောင်ထူး တစ်ယောက် ဒေါသဖြစ်နေသည်ကိုကြည့်ကာ ကိုဦးကလည်းဆက်ပြောသည်။

“မောင်ထူးရာ စိတ်ဆိုးစရာလားကွာ။ အမှန်တွေပဲဟာ။ ဟိုနေ့ကတောင် ဆရာမက မင်းကို ဆူသေးတယ်လေ၊ ထမင်းစားတာနောက်ကျနေလို့ဆိုပြီးတော့ မဟုတ်ဘူးလား”

ဘိုးလေးကြွက်ကတော့ မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့သုံးဦး အချင်းချင်းပြောဆိုနေကြသည်များကို နားစွင့်နေသည်။ ပြီးမှ ဖြည်းဖြည်းချင်း ဆက်ပြောလာသည်။

“မြေးတို့ပြောတာတွေကို ဘိုးလေးကြားပါတယ်။ စာသင်ခန်းမှာ ထမင်းစားကြာတာကတော့ တစ်ခါတလေပဲ ကောင်းပါတယ်။ အချိန်တိုအတွင်းမှာ မြန်မြန်စားပြီးတာပိုကောင်းတယ်။ ဆရာ ဆရာမလည်း မငြိုငြင်တော့ဘူးပေါ့။ ကိုယ့်အတွက်နဲ့ ဆရာ ဆရာမတွေကို အလုပ်မရှုပ်စေနဲ့ပေါ့။ အလိုက်တသိ ဖြစ်နေတာ အကောင်းဆုံးပဲပေါ့။ ထပ်ပြီးမှာချင်သေးတယ် ဆရာ ဆရာမတွေကို ရိုသေလေးစားမှု အမြဲရှိပါစေကွယ်”

“ဟုတ်ကဲ့၊ မြေးတို့ လိုက်နာပါ့မယ်ဆိုတာ ကတိပေးပါတယ်”

ပါရမီဆယ်ပါးမင်္ဂလာ

သုတေသီ ဦးသိမ်းဇံ

ဒါနပါရမီ

ဒါနဆွမ်းဖြင့် သူဌေးဖြစ်

"ခင်ဗျာ"

"ဟုတ်တယ် မဟာဒုက်ရေ စာရင်းသွင်းဖို့ ကျန်ခဲ့လို့ သံဃာတစ်ပါးမှ မရှိတော့ဘူး။ နောက်တစ်ကြိမ်မှာ ဆွမ်းကပ်လှူပေါ့ကွာ"

"မဖြစ်ဘူးဗျ၊ မဖြစ်ဘူး။ နောက်တစ်ကြိမ် ထားပါဦး၊ ခုတောင်မသေချာတာ၊ စာရင်းပြန်ကြည့်ပေးပါဦးဗျာ"

"အမှန်ပါပဲ။ မဟာဒုက်ရဲ့ ဆွမ်းပင့်ထားတဲ့ စာရင်းကို ငါမေ့သွားလို့ သံဃာတစ်ပါးမှ မကျန်တော့ဘူး"

"ဘာဖြစ်တယ်၊ သံဃာတစ်ပါးမှ မကျန်တော့ဘူးဟုတ်လား။ စာရင်းပေးထားရက်နဲ့ဗျာ၊ ဘယ်လိုဖြစ်လို့ ကျွန်ုပ်အတွက်သံဃာမကျန်ရတာလဲ ကူညီကြပါဦးဗျာ၊ ဆွမ်းကလည်း အဆင်သင့်ချက်ပြုတ်ပြီးနေပါပြီ။ ကူညီကြပါဗျာ၊ ကူညီကြပါ"

ကဿပမြတ်စွာဘုရားရှင်လက်ထက်တော် အချိန်ကဖြစ်ပေတယ်။ ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး အုပ်ချုပ်စိုးစံနေစဉ် ကာလကပေါ့။ ဆင်းရဲသားလက်လုပ်လက်စား ဇနီးမောင်နှံတို့ရဲ့ သဒ္ဓါထူးကဲတဲ့ဒါနကြောင့် သူဌေးကြီး ဇနီးမောင်နှံအဖြစ်သို့ ရောက်ရှိခံစားရတဲ့ ဖြစ်စဉ်ပါပဲ။

"သံဃာတစ်ပါးဆွမ်းကပ်လှူဖို့ စာရင်းပေးပါတယ်"

ဘုရားအမှူးရှိတဲ့ သံဃာတော်များကို မြို့သူမြို့သားအားလုံး ဆွမ်းကပ်လှူကြမယ့်သတင်းက ဗာရာဏသီမြို့တွင်းမှာ ပျံ့နှံ့နေတာကြောင့် ဗာရာဏသီမြို့သားဖြစ်တဲ့ ဆင်းရဲသားလက်လုပ်လက်စား မဟာဒုက်ကလည်း သံဃာတစ်ပါး ဆွမ်းကပ်လှူဖို့ စာရင်းပေးခဲ့တာဖြစ်တယ်။ မဟာဒုက်ဟာ ဝမ်းသာအားရစွာနဲ့ပြန်လာပြီး ဇနီးကိုပြောပြရာ နှစ်ဦးသဘောတူကြည်ဖြူကြကာ ကျေနပ်ကြည်နူးနေကြတော့တာပေါ့။

"မဟာဒုက်ရေ၊ ဒီနေ့အလုပ်တွင်တဲ့အပြင် သီချင်းတကျော်ကျော်နဲ့ ပျော်ရွှင်နေပါလား"

ထင်းခွဲ၊ ရေခပ်စတဲ့အိမ်မှုအလုပ်တွေကို တစ်ခဏအတွင်းမှာ ပြီးမြောက်အောင် လုပ်ဆောင်နိုင်တာကို သူဌေးကြီးက သတိထားမိတဲ့အတွက် အံ့ဩစွာ မေးမြန်းခြင်းဖြစ်တယ်။

"မှန်လှပါ သူဌေးမင်း၊ သံဃာတစ်ပါးဆွမ်းကပ်လှူဖို့ စာရင်းပေးထားတာကြောင့် ဒီနေ့လုပ်အားခ ဆွမ်းကပ်လှူရတော့မယ့်အရေးတွေးကာ ပျော်ရွှင်စွာနဲ့ အလုပ်ကြိုးစားနေတာပါခင်ဗျာ၊ သူဌေးမင်း ခိုင်းစရာများ ရှိသေးရင် အလိုရှိသမျှခိုင်းစေနိုင်ပါတယ်။ ကျွန်တော်မျိုးအမှုဆောင်ရွက်ဖို့ အသင့်ရှိကြောင်းပါခင်ဗျာ"

မဟာဒုက်ရဲ့စကားကို ကြားလိုက်ရတဲ့သူဌေးကြီးဟာ လွန်စွာကျေနပ်အားရသွားပြီး ဆန်တစ်ကွမ်းစားနဲ့ ချက်ပြုတ်စရာအချို့ကို ပေးလိုက်တာပေါ့။ မဟာဒုက်ရဲ့ ဇနီးကလည်း သူဌေးကတော်ကြီးအိမ်မှာ ဆန်ဖွပ်ရာ ထူးထူးခြားခြားပျော်ရွှင်စွာနဲ့ စိတ်ပါလက်ပါ ဆောင်ရွက်နိုင်တာဖြစ်လို့ ဆန်ဖြူများစွာရတဲ့အတွက် သူဌေးကတော်ကလည်း မေးမြန်းရာ ယနေ့ လုပ်အားခနဲ့ သံဃာတစ်ပါးဆွမ်းကပ်လှူခွင့်ရတော့မှာမို့ ပျော်ရွှင်ကြည်နူးနေရပါတယ်အရှင်လို့ ပြောတဲ့အခါ သူဌေးကတော်ကြီးက ဆန်၊ ဆီ၊ နို့တို့အပြင် ချက်ပြုတ်စရာအိုးတို့ကိုပါ ပေးကမ်းလိုက်လေသတဲ့။

မဟာဒုက်တို့ဇနီးမောင်နှံဟာ ပျော်ရွှင်စွာနဲ့ အိမ်ပြန်လာကြပြီး ဆွမ်းချက်ဖို့ပြင်ဆင်ကြတော့တာပေါ့။ ဇနီးဖြစ်သူက ဆွမ်းချက်ဖို့စီစဉ်နေစဉ်မှာ မဟာဒုက်က ဟင်းရွက်ခူးဖို့ မြစ်ကမ်းဘက်သို့သွားကာ ပျော်ရွှင်စွာနဲ့ ဟင်းရွက်များခူးပြီး တံငါသည်တို့ကို ဝိုင်းဝန်းကူညီငါးရောင်းပေးရာ တစ်ခဏအတွင်း ရောင်းကုန်လို့ သံဃာတစ်ပါးဆွမ်းကပ်လှူဖို့ နောက်မကျအောင် ပြန်ရတော့မယ်လို့ ဆိုလာတဲ့ မဟာဒုက်ကို ဆွမ်းဟင်းချက်နိုင်ရန် ငါးကြင်းလေးကောင်ကို သဲထဲကဖော်ထုတ်ပြီး ပေးလိုက်လေတယ်။ ငါးကြင်းသားနဲ့ ဆွမ်းကပ်လှူရမှာမို့ မဟာဒုက်ဟာ ပျော်လို့မဆုံး ဖြစ်နေတာပေါ့ကွယ်။

"ဆွမ်းကပ်လှူကြမှာဆိုတော့ ကုသိုလ်အဖို့ ကူညီပါရစေ၊ အချက်အပြုတ်ကောင်းစွာ တတ်ပါတယ်"

မဟာဒုက်ဇနီးမောင်နှံရဲ့ စေတနာ၊ သဒ္ဓါတရားပြင်းပြမှုကြောင့် မြတ်စွာဘုရားကိုယ်တော်တိုင်က သူဆင်းရဲ မဟာဒုက်ရဲ့အိမ်မှာ ဆွမ်းဘုဉ်းပေးမှာ ဖြစ်တဲ့အကြောင်းကို ကြိုတင်သိမြင်ထားတဲ့ သိကြားမင်းက လုလင်အသွင်ဖန်ဆင်းကာ ဆွမ်းချက်ပြုတ်ရာမှာ ကူညီပေးလိုကြောင်းပြောရာ လက်ခံမှုပြုတာကြောင့် သိကြားမင်းက ဆွမ်းချက်ပြုတ်ရာမှာ နတ်သြဇာတို့ကို ထည့်ကာချက်လေတော့တယ်။

"ခင်ဗျာ။ ဘာဖြစ်တယ်၊ သံဃာတစ်ပါးမှ မကျန်တော့ဘူးဟုတ်လား။ စာရင်းပေးထားရက်နဲ့ဗျာ၊ ဘယ်လိုဖြစ်လို့ ကျွန်ုပ်အတွက်သံဃာမကျန်တော့တာလဲ။ ကူညီကြပါဦးဗျာ၊ ဆွမ်းကလည်း အဆင်သင့်ချက်ပြုတ်ပြီးနေပါပြီ။ ကူညီကြပါဗျာ၊ ကူညီကြပါ"

"မဟာဒုက်ရေ စာရင်းသွင်းဖို့ကျန်ခဲ့လို့ပါကွာ၊ သံဃာတစ်ပါးမှ မကျန်တော့ပေမယ့် မြတ်စွာဘုရားတော့ရှိသေးတယ်မောင်မင်းသွားပင့်ကြည့်ပေါ့ကွာ"

စာရင်းမှတ်တမ်းရေးသွင်းသူက ပြောလေရာ မဟာဒုက်ဟာ ဝမ်းသာအားရဖြစ်ကာ မြတ်စွာဘုရား ကျောင်းတော်ဆီသို့ အပြေးသွားလေတော့တယ်။

မဟာဒုက်ဇနီးမောင်နှံရဲ့ ထူးကဲတဲ့သဒ္ဓါစိတ်နဲ့ ဆွမ်းတစ်နပ်ကပ်လှူလိုမှုကြောင့် ကြိုးစားပေမယ့် ဆွမ်းမလှူရတော့မလို ဖြစ်နေတာကြောင့် ခံစားနေရတဲ့ သောကဗျာပါဒကို မြတ်စွာဘုရားရှင်က သိမြင်တော်မူပြီး သူဆင်းရဲမဟာဒုက်ရဲ့အိမ်မှာ ဆွမ်းအလှူကိုလက်ခံပြီး ဆွမ်းဘုဉ်းပေးမှာဖြစ်လို့ သပိတ်တော်ကို မဟာဒုက်အား ပေးသနားဖို့ အသင့်ရှိနေတာပေါ့ကွယ်။

ဗာရာဏသီမြို့က ဘုရင်မင်းမြတ်နဲ့တကွ သူဌေးသူကြွယ်တို့ဟာ ဘုရားရှင်ဆီက သပိတ်တော်ရရှိရေး စောင့်ဆိုင်းနေတဲ့ကြားက ဆင်းရဲသား မဟာဒုက်ရောက်လာလို့ ဝိုင်းဝန်းကာမောင်းထုတ်တာကိုခံရပေမယ့် ဇွဲမလျှော့ဘဲ မြတ်စွာဘုရားထံဝင်ရောက်လျှောက်ထားလေရာ မြတ်စွာဘုရားကလည်း မဟာဒုက်အား သပိတ်တော်ကို ပေးသနားတော်မူလိုက်တယ်။ မဟာဒုက်ထံမှာ ဘုရင်မင်းမြတ်အပါအဝင် သူဌေးသူကြွယ်တို့က သပိတ်တော်အားဝယ်ယူလိုကြောင်း မက်လုံးအမျိုးမျိုးပေး ဆွဲဆောင်သော်လည်း ဆွမ်းတစ်နပ်သာ လှူဒါန်းလိုခြင်းဖြစ်ကြောင်း ပြန်ပြောပြီး မြတ်စွာဘုရားရှင်ကို နေအိမ်သို့ ပင့်ဆောင်ကာ ဆွမ်းကပ်လှူလိုက်တာပေါ့။

ထူးကဲတဲ့သဒ္ဓါဆွမ်းအလှူရဲ့ ကုသိုလ်ကောင်းမှုကြောင့် ရွှေမိုး၊ ငွေမိုးတို့ ရွာသွန်းကာ ဆင်းရဲသား မဟာဒုက်လင်မယားလည်း သူဌေးဘွဲ့ထူး၊ ဂုဏ်ထူးတို့ကိုရရှိသွားကြရာ အလှူပေးလို့ နေ့ချင်းပင်သူဌေးဖြစ်ကာ ကောင်းကျိုးချမ်းသာ ရရှိခံစားသွားရတော့သတဲ့ကွယ်။ ။

ယဉ်ကျေးလိမ္မာပဒေသာ ၃၈ - ဖြာမင်္ဂလာ

စိတ်ထားရေးမင်္ဂလာ

အသက်ဂုဏ်ဝါ ကိုယ့်ထက်ကြီးက၊
ဆည်းကပ်ခစား ရှိသေလေ။
မာနတံခွန် ဂုဏ်မကြွနဲ့၊
ကိုယ့်ကိုနှိမ့်ချ အမြဲနေ။
လောဘအပို လိုမလိုက်နဲ့၊
ကိုယ်ထိုက်တာနဲ့ ကျေနပ်လေ။
ကိုယ့်ပေါ်ပြုဖူး သူ့ကျေးဇူး၊
အထူးသိတတ်စေ။
ကြောင်းကျိုးဆင့်ပွား မြတ်တရား၊
နာကြားမပြတ်ပေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

၃၈-ဖြာမင်္ဂလာကဗျာများထဲက သတ္တမမြောက်ကဗျာပေါ့ကွယ်။ "စိတ်ထားရေးမင်္ဂလာ" ကဗျာလို့ ခေါ်တယ်။ စိတ်ထားရေးမင်္ဂလာငါးပါးကို ကဗျာအဖြစ် ဆရာကြီးဒဂုန်ဦးဆန်းငွေက ရေးစပ်သီကုံးခဲ့တာဖြစ်တယ်။

ဘဝဖြတ်သန်းမှုမှာ အဆင်ပြေပြေနဲ့ အောင်မြင်ပျော်ရွှင်နိုင်ကြဖို့ လောကရဲ့ ဘဝဖြတ်သန်းမှုမှာ စိတ်ထားရေးဆိုင်ရာ အတတ်ပညာတွေကို သိမြင်နိုင်ကြဖို့ သားတို့သမီးတို့၊ မောင်တို့မယ်တို့အတွက် မှတ်လို့လွယ်အောင်၊ ရွတ်ဆိုရတာ လွယ်ကူချောမွေ့အောင် သံပေါက်ကဗျာအဖြစ် ဖွဲ့ဆိုပေးထားတာလည်း ဖြစ်တယ်။

၃၈-ဖြာမင်္ဂလာကဗျာ ဖြစ်လာဖို့အတွက် ဆက်ဆံရေးမင်္ဂလာ(၃)ပါး၊ နေထိုင်ရေးမင်္ဂလာ(၃)ပါး၊ သင်ကြားရေး မင်္ဂလာ (၄)ပါး၊ ပြုစုရေးမင်္ဂလာ(၃)ပါး၊ လိုက်နာကျင့်သုံးရေးမင်္ဂလာ(၄)ပါး၊ ရှောင်ကြဉ်ရေး မင်္ဂလာ(၄)ပါး၊ စိတ်ထားရေးမင်္ဂလာ(၅)ပါး၊ သည်းခံရေးမင်္ဂလာ(၄)ပါး၊ ခြိုးခြံရေးမင်္ဂလာ(၄)ပါး၊ စိတ်ဓာတ်ကြံ့ခိုင်ရေးမင်္ဂလာ(၄)ပါးတို့နဲ့ ဖွဲ့စည်းထားတာပေါ့ကွယ်။

ဆက်ဆံရေး၊ နေထိုင်ရေး၊ သင်ကြားရေး၊ ပြုစုရေး၊ လိုက်နာကျင့်သုံးရေး၊ ရှောင်ကြဉ်ရေး၊ စိတ်ထားရေး၊သည်းခံရေး၊ခြိုးခြံရေး၊စိတ်ဓာတ်ကြံ့ခိုင်ရေးဆိုတဲ့ လူ့ဘဝရှင်သန်ရေးမှာ အရေးပါတဲ့ အချက်ကြီး(၁၀)ချက်ပဲပေါ့ကွယ်။ တန်ဖိုးမဖြတ်နိုင်တဲ့ ဘဝရှင်သန်မှု ယဉ်ကျေးလိမ္မာနည်းလမ်းကောင်းတွေပဲပေါ့။

ဆက်ဆံရေးမင်္ဂလာသုံးပါးဖြစ်တဲ့ နံပါတ်(၁) အသေဝနာစ ဗာလာနံ၊ လူမိုက်ကိုမပေါင်းသင်းရ။ နံပါတ်(၂) ပဏ္ဍိတာနဉ္စသေဝနာ၊ ပညာရှိကိုပေါင်းသင်းရမယ်။ နံပါတ်(၃) ပူဇာစပူဇနေယျာနံ၊ ပူဇော်ထိုက်သူကို ပူဇော်ရမယ်။ နေထိုင်ရေးမင်္ဂလာသုံးပါးဖြစ်တဲ့ နံပါတ်(၁) ပတိရူပဒေသဝါသောစ၊ သင့်တင့်လျောက်ပတ် ကောင်းမြတ်သောအရပ်၌ နေရမယ်။ နံပါတ်(၂) ပုဗ္ဗေစကတပုညတာ၊ ရှေးဘဝကပြုခဲ့ဖူးသော ကောင်းမှုရှိရမယ်။ နံပါတ်(၃) အတ္တသမ္မာပဏိဓိစ၊ အကျင့်သီလမပျက်ရအောင် ကိုယ်စိတ်နှစ်ပါးကို ကောင်းစွာစောင့်ထိန်းရမယ်။ သင်ကြားရေးမင်္ဂလာလေးပါးဖြစ်တဲ့ နံပါတ်(၁) ဗာဟုသစ္စဉ္စ၊ အကြားအမြင်များသူ ဖြစ်ရမယ်။ နံပါတ်(၂) သိပ္ပဉ္စ၊ စက်မှုလက်မှု အတတ်တတ်ရမယ်။ နံပါတ်(၃) ဝိနယောစသုသိက္ခိတော၊ ကိုယ်ကျင့်တရား ကောင်းမွန်ရမယ်။ နံပါတ်(၄) သုဘာသိတာစ ယာဝါစာ၊ ချိုသာသောစကားကို ပြောဆိုရမယ်။ ပြုစုရေးမင်္ဂလာသုံးပါးဖြစ်တဲ့ နံပါတ်(၁) မာတာပိတု ဥပဋ္ဌာနံ၊ မိဘနှစ်ပါးကိုပြုစုလုပ်ကျွေးရမယ်။ နံပါတ်(၂)پုတ္တာဒါရဿ သင်္ဂဟော၊ သားသမီး၊ ဇနီးမယားတို့ကို ပြုစုလုပ်ကျွေးထောက်ပံ့ရမယ်။ နံပါတ်(၃) အနာကုလာစ ကမ္မန္တာ၊ သူတစ်ပါးကို မထိခိုက်စေဘဲ အနှောင့်အယှက်ကင်းသောအလုပ်ကို ပြုလုပ်ရမယ်။

လိုက်နာရေးမင်္ဂလာလေးပါးဖြစ်တဲ့ နံပါတ်(၁) ဒါနဉ္စ၊ စွန့်ကြဲပေးကမ်းလှူဒါန်းရမယ်။ နံပါတ်(၂) ဓမ္မာစရိယာစ၊ သုစရိုက်တရားကို ကျင့်ရမယ်။ နံပါတ်(၃) ညာတကာနဉ္စ သင်္ဂဟော၊ ဆွေမျိုးများကို ပေးကမ်းထောက်ပံ့ရမယ်။ နံပါတ်(၄) အနဝဇ္ဇာနိ ကမ္မာနိ၊ အပြစ်ကင်းသောအလုပ်တို့ကို ပြုလုပ်ရမယ်။ ရှောင်ကြဉ်ရေးမင်္ဂလာ လေးပါးဖြစ်တဲ့ နံပါတ်(၁) အာရတီပါပါ၊ မကောင်းမှုတို့ကို မတွေ့ကြုံမီကပင် စိတ်ဖြင့် ရှောင်ကြဉ်ထားနှင့်ရမယ်။ နံပါတ်(၂) ဝိရတီ ပါပါ၊ မကောင်းမှုပြုရန် ကြံ့လာပါက မပြုမိ၊ မပြောမိအောင် ကိုယ်၊ နှုတ်တို့ဖြင့် အထူးရှောင်ကြဉ်ရမယ်။ နံပါတ်(၃) မဇ္ဇပါနာစ သံယမော၊ အရက်သေစာ၊ မူးယစ်ဆေးဝါး သောက်စားသုံးစွဲခြင်းမှ ရှောင်ကြဉ်ရမယ်။ နံပါတ်(၄) အပ္ပမာဒေါစ ဓမ္မေသု၊ ကုသိုလ်တရားတို့တွင် မမေ့မလျော့စွာရှိနေရမယ် ဆိုတာတွေကိုတော့ ပုံဝတ္ထုတွေနဲ့ ဖော်ပြခဲ့ပြီးပါပြီ။

"စိတ်ထားရေးမင်္ဂလာ ငါးပါး"

၁။ ဂါရဝေါစ
၂။ နိဝါတောစ
၃။ သန္တုဋ္ဌိစ
၄။ ကတညုတာစ
၅။ ကာလေနဓမ္မသဝနံ

မြန်မာလိုအဓိပ္ပာယ်တွေကတော့ နံပါတ်(၁) ဂါရဝေါစ၊ အသက်သီက္ခာဂုဏ်ဝါကြီးမားသော ရှိသေထိုက်သူတို့ကို ရိုသေခြင်း။ နံပါတ်(၂) နိဝါတောစ၊ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးနှင့် ချိုကြိုးနွားလားဒွန်းစဏ္ဍားပမာ မာန်မာနကိုနှိမ့်ချထားခြင်း။ နံပါတ်(၃) သန္တုဋ္ဌိစ၊ ရသမျှဖြင့်ရောင့်ရဲကျေနပ်နိုင်ခြင်း။ နံပါတ်(၄) ကတညုတာစ၊ ရှေးကပြုဖူးသော သူ့ကျေးဇူးကိုသိတတ်၍၊ အခွင့်သင့်သောအခါ ပြန်ဆပ်တတ်ခြင်း။ နံပါတ်(၅) ကာလေနဓမ္မသဝနံ၊ သင့်လျော်သောအခါ၌ တရားနာကြားခြင်းတို့ပေါ့ကွယ်။

သားတို့သမီးတို့၊ မောင်တို့မယ်တို့အပါအဝင် လူတိုင်းလူတိုင်းအတွက် ဘဝဖြတ်သန်းမှုမှာ စိတ်ထားရေးမင်္ဂလာ ငါးပါးနဲ့အညီ ကျင့်ကြံလုပ်ဆောင်ကြမယ်ဆိုရင် အောင်မြင်ပျော်ရွှင်ကာ ငြိမ်းအေးသာယာပြီး ချမ်းသာကြွယ်ဝတဲ့ဘဝကို ပိုင်ဆိုင်နိုင်ကြမှာပဲဖြစ်တယ်။

ရိုသေထိုက်သူကို ရိုသေရမယ်။
မိမိကိုယ်ကို နှိမ့်ချရမယ်။
ရောင့်ရဲလွယ်ရမယ်။
သူတစ်ပါးကျေးဇူးကို သိတတ်ရမယ်။
အခွင့်အခါသင့်တိုင်း တရားနာကြားရမယ်။

မြန်မာလိုအနှစ်ချုပ်ပါပဲ။ ယနေ့လူငယ်လူရွယ်မျိုးဆက်သစ် သားတို့သမီးတို့၊ မောင်တို့မယ်တို့ အပါအဝင် လူတိုင်းလူတိုင်း လိုက်နာကျင့်ဆောင်ရမယ့် စိတ်ထားရေးမင်္ဂလာနည်းနာတွေပေါ့ကွယ်။ ။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနလင်္ဂနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။



ယမန်နေ့မှအဆက်

ဗိုလ်မှူးညိုထွန်းသည် အစသော်ငြင်းပယ်မည်ပြုသေးသည်။ ဒေါ်ရေနံ့သာခင်ခင်ကြီး၏ မျက်နှာကို လှမ်းကြည့်သည်။ သူကိုယ်၌ကပြောစေချင်သောဆန္ဒရှိဟန်ကို မြင်ရသည်။

သို့နှင့်ပင် ဗိုလ်မှူးညိုထွန်းသည် ရှောင်လွှဲ၍မရနိုင်တော့ဘဲ စကားစ၍ဆိုရလေသည်။

"ကျွန်တော့်အနေနဲ့ အထူးတလည်တော့ ပြောစရာလိုလှမယ် မထင်ပါဘူး။ အများသိကြတဲ့အတိုင်းပါပဲ။ ဒီကနေ့ဟာ ကျွန်တော်နဲ့တကွ အားလုံးသော မိတ်ဆွေသင်္ဂီတများအတွက် အင်မတန်ဝမ်းသာကြည်နူးစရာကောင်းတဲ့ နေ့တစ်နေ့ ဖြစ်ပါတယ်။ ဖော်ပြခြင်းငှာ မစွမ်းသာလောက်အောင် ဝမ်းမြောက်ဝမ်းသာရှိရတဲ့ နေ့တစ်နေ့ ဖြစ်ပါတယ်။ ပထမအချက်အနေနဲ့ ဒီကနေ့ဟာ စန္ဒာလမင်းကြီး ငပုပ်ရဲ့ အာခံတွင်းက လွတ်ကင်းပြီး ဝင်းဝင်းပပ သာသလို ဒေါ်ရေနံ့သာခင်ခင်ကြီးဟာ အပြစ်ဟူသမျှ မြူမျှမတင်ဘဲ အနှောင်အဖွဲ့က လွတ်မြောက်လာတာကို တွေ့ကြရတဲ့အတွက် ဝမ်းသာကြရပါတယ်"

လူတို့သည် ဗိုလ်မှူးညိုထွန်း၏စကားကို အလေးအနက် နားထောင်နေရာမှ ဒေါ်ရေနံ့သာခင်ခင်ကြီး၏ မျက်နှာသို့ လှမ်းကြည့်လိုက်ကြသည်။ ဒေါ်ရေနံ့သာခင်ခင်ကြီး၏ မျက်နှာမှာ ရွှင်ရွှင်ပျပျ ဖြစ်လာသည်။ သူသည် ဗိုလ်မှူးညိုထွန်း၏ ဥပမာပေးကို နှစ်ခြိုက်သဘောကျနေဟန် ရှိသည်။

ဗိုလ်မှူးညိုထွန်းက စကားဆက်သည်။

"ဒုတိယအချက် အနေနဲ့ကတော့ အနှစ် နှစ်ဆယ်ကျော်မျှ တတမ်းတတ မျှော်ခဲ့ရတဲ့ ရင်နှစ်သည်းချာနဲ့ သည်ကနေ့မှာတိုက်တိုက်ဆိုင်ဆိုင် ပြန်လည်ဆုံတွေ့ခွင့်ရတာကို ကျွန်တော်တို့ မျက်ဝါးထင်ထင် မြင်တွေ့နေရလို့ပဲ ဖြစ်ပါတယ်။ ဒေါ်ရေနံ့သာခင်ခင်ကြီး အနေနဲ့ ရင်ထဲမှာ ဘယ်အထိ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေမယ်ဆိုတာကို ကျွန်တော်တို့ဟာ သူ့အပေါ်မှာ ထာဝရနားလည်ထားကြပြီး ထာဝရ စာနာနေကြသူများ ဖြစ်တဲ့အတွက် ခန့်မှန်းကြည့်ရုံနဲ့ သိသာလောက်ပါတယ်။ ဒီထမင်းဝိုင်းမှာ ရှိကြသူတွေဟာ မိတ်ဆွေအဖြစ်နဲ့သာ မကပါဘူး။ သွေးသားအရင်းအချာတွေ ဆိုရင်လည်း မမှားပါဘူး။ တစ်ယောက်ရဲ့ ဘဝ၊ တစ်ယောက်ရဲ့ ခံစားရချက်တွေကို ဝေမျှခံစားနေကြရသူတွေလည်း ဖြစ်ပါတယ်။ တစ်ယောက်ရဲ့ ရယ်မောရွှင်ပျခြင်းနဲ့ တစ်ယောက်ရဲ့မျက်ရည်ကို အညီအမျှ ခွဲဝေယူကြဖို့ ဝန်မလေးခဲ့ကြပါဘူး။ ဒေါ်ရေနံ့သာခင်ခင်ကြီးရဲ့ ရယ်မောရွှင်ပျမှုဟာ ကျွန်တော်တို့ရဲ့ ရယ်မောရွှင်ပျမှုပဲ ဖြစ်ပါတယ်။ ဒေါ်ရေနံ့သာခင်ခင်ကြီးရဲ့ ငိုကြွေးရှိုက်မက်ရခြင်းဟာ ကျွန်တော်တို့ရဲ့ ငိုကြွေးရှိုက်မက်ရခြင်းပဲ ဖြစ်ပါတယ်"

"လူ့ဘဝဆိုတာ တစ်သမတ်တည်း သွားလိမ့်မယ်လို့ မထင်ပါဘူး။ ထာဝရ ပန်းခင်းသော မွေ့ရာထက်မှာ အိပ်စက်နေရမယ် မဟုတ်ပါဘူး။ တစ်ခါတစ်ရံ ဆူးမွေ့ရာနဲ့ ခလုတ်တံသင်းထူပြောသော ခယောင်းတောကို ဖြတ်တန် ဖြတ်ရမှာပဲ။ ညံ့သက်ခြင်းနဲ့ ခက်တရော်ခြင်းဟာ လူ့ဘဝမှာ တစ်လှည့်စီ ပေါ်ပေါက်ရမှာ ဓမ္မတာပါပဲ။ ဒါပေမဲ့ အနက်ရှိုင်း၊ အမှောင်မည်းဆုံးသော သန်းခေါင်ယံကို ဖြတ်ကျော်လွန်မြောက်ပြီးတဲ့ ကာလမှာ ဒီထက်နက်ရှိုင်းမှောင်မည်းခြင်းနဲ့ ကြုံဆုံစရာလိုမယ်မဟုတ်တော့ပါဘူးလို့ ယုံကြည်ပါတယ်။ ရှေ့မှာ ထင်လင်းတဲ့ ရောင်နီနဲ့ အရုဏ်သာပဲ ရှိပါတော့တယ်။ ကျွန်တော် ထင်ပါတယ်၊ ဒေါ်ရေနံ့သာခင်ခင်ကြီးဟာ ကြယ်မစုံ လမသာတဲ့ည၊ အနက်ရှိုင်း အမှောင်မည်းဆုံးသော သန်းခေါင်ယံ အချိန်ကာလကို ဖြတ်ကျော်လွန်မြောက်ခဲ့ပါပြီ။ သူ့အတွက် ရှေ့မှာ ရောင်နီနဲ့ အရုဏ်သာ ရှိပါတော့တယ်။ အလင်းရောင်သာ ကျန်ပါတော့တယ်။ ရယ်မောရွှင်ပျခြင်းသာ ရလဒ်အဖြစ် ရပ်တည်နေပါတော့တယ်။ ဒီတော့ကာ ကျွန်တော်တို့ဟာ ဒေါ်ရေနံ့သာခင်ခင်ကြီးနဲ့အတူ အရုဏ်ကို မြင်တွေ့ဖို့ပဲ ရှိပါတော့တယ်။ ရယ်မောရွှင်ပျကြရဖို့ပဲ ကျန်ပါတော့တယ်။ ကျွန်တော့်အနေနဲ့ အဲဒီလိုသတ်မှတ်ယုံကြည်နေမိပါတယ်။ အများကလည်း ကျွန်တော်နဲ့ တစ်သဘောတည်း ရှိကြလိမ့်မယ်လို့ ထင်ပါတယ်"

ဗိုလ်မှူးညိုထွန်းက စကားဖြတ်လိုက်သည်။

ကျေနပ်ဝမ်းမြောက်စွာ တီးခတ်လိုက်သော လက်ခုပ်သံများကို ကြားရသည်။ ဗိုလ်မှူးညိုထွန်းသည် နေရာမှာ ပြန်ထိုင်လိုက်သည်။

"ညီမအနေနဲ့ တုံ့ပြန်စကားပြောပါဦး"

ဦးခင်မောင်ညွှန့်က ဒေါ်ရေနံ့သာခင်ခင်ကြီးအား တိုက်တွန်းလိုက်သည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် စကားစရလေသည်။

"အစ်ကိုထွန်း ပြောသလိုပါပဲ။ ဘဝဆိုတာ မှောင်တစ်ခါ လင်းတစ်လှည့်နဲ့ အပြောင်းအလွဲ များတတ်တယ်ဆိုတာ ကျွန်မ သဘောပေါက်မိပါပြီ။ အထူးသဖြင့် ကျွန်မရဲ့ဘဝမှာ အပြောင်းအလဲတွေ ပိုမိုများပြားတယ်လို့ ထင်ပါတယ်။ မနေ့ညကအထိ ကျွန်မကိုယ်ကျွန်မ အခုလိုနေရာ၊ အခုလို အခြေအနေမျိုးကို ရောက်နေရလိမ့်မယ်လို့ အိပ်မက်တောင် မမက်နိုင်ခဲ့ပါဘူး။ ဘဝဆိုတာ ကံကြမ္မာ မှော်ဆရာကြီးရဲ့ ပဓာလက် အတတ်ပညာတွေလားလို့ အထင်မှားစရာ ကောင်းလောက်အောင် အပြောင်းအလွဲ၊ အတက်အကျ၊ အနိမ့်အမြင့် မြန်လှပါကလားလို့ တွေးလာမိပါတယ်။ ဘဝတစ်လျှောက်လုံးမှာ ငိုရှိုက်ရတာတွေ၊ ရယ်မောတာတွေ၊ ကြေကွဲရတာတွေ၊ ကြည်နူးရတာတွေ မရေမတွက်နိုင်အောင် ကြုံတွေ့ခဲ့ရပါတယ်။ ထင်မှတ်တာတွေ မဖြစ်ဘဲ မထင်မှတ်တာတွေ ဖြစ်ခဲ့ရတာလည်း အကြိမ်ကြိမ်ပါပဲ။ မျှော်လင့်သလို ဖြစ်မလာဘဲ မမျှော်လင့်တာတွေ ဖြစ်ခဲ့တာလည်း အခါခါပါပဲ။ ဒါပေမဲ့ ဖြစ်ပျက်ခဲ့ရတဲ့ အပြောင်းအလွဲ မြောက်မြားစွာအနက် ဒီတစ်ခါ အပြောင်းအလွဲဟာ ကျွန်မအတွက် အရေးအပါဆုံး၊ အထိရောက်ဆုံးနဲ့ ကျေနပ်နှစ်သိမ့်စရာ အကောင်းဆုံးပဲလို့ ထင်ပါတယ်။ ကျွန်မရဲ့ဘဝကို စာနာပြီး ကျွန်မရဲ့ဒုက္ခကို မျှဝေခံစားကြတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ရှေ့အဖို့ အတူတကွ ပြုံးပျော်ခြင်းကိုလည်း ဆက်လက်မျှဝေ ခံစားပါဦးလို့ ဖိတ်ခေါ်ပါတယ်"

ဒေါ်ရေနံ့သာခင်ခင်ကြီး၏ စကားအဆုံးတွင်လည်း လက်ခုပ်သံများ ပေါ်လာသည်။

သို့နှင့်ပင် ထမင်းကို စတင်စားသောက်ကြသည်။

နွယ်နွယ်ထွန်းသည် ထမင်းစားရင်းမှပင် ဒေါ်ရေနံ့သာခင်ခင်ကြီးအား မကြာခဏ လှမ်းကြည့်မိသည်။ ဒေါ်ရေနံ့သာခင်ခင်ကြီး၏ ရုပ်သွင်သည် ယခုအခါ ပြောင်းလွဲနေပေသည်။ လေဆိပ်မှာ ဆုံရစဉ်ကနှင့်မတူ၊ တက်ကြွဖျတ်လတ်နေသည်။ တည်ကြည် ခံ့ညားနေသည်။ စင်စစ် သည်အမျိုးသမီးကြီးမှာ မိမိ၏ မိခင်ပါကလား၊ မိမိအား ဝမ်းတွင်လွယ်လျက် မွေးဖွားခဲ့သူပါကလားဟု တွေးမိလာသောအခါ နွယ်နွယ်ထွန်း၏ ရင်မှာ သိမ့်ခါလှုပ်ယမ်းသွားသည်။ ပူနွေးတုန်ယင်လာသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးကိုယ်တိုင်ကလည်း နွယ်နွယ်ထွန်းကို တစ်ချက်တစ်ချက် လှမ်းလှမ်းကြည့်တတ်သည်။

သူတစ်ပါးတို့၏ ပြောစကားအရ ဖခင်နှင့်ဆင်သည်ဆိုစေကာမူ နွယ်နွယ်ထွန်းတွင် မိခင်များအမွေအနှစ် ရှိနေရသည်သာ ဖြစ်ပါသည်။ ၎င်းမှာ ဖြူသောအသားနှင့် ရှည်လျားသန်မာကာ မည်းနက်တောက်ပသော ဆံပင်များ ဖြစ်ကြသည်။ မျက်လုံးကလေးတွေ ရွှန်းလဲ့နေတတ်သည်ကလည်း မိခင်၏ အမွေအနှစ်ပင် ဖြစ်ပေလိမ့်မည်။ အထူးသဖြင့် မေးရိုးဆီက သွယ်ရွှန်သွားရာမှ အဖျားတွင် နှစ်ခွဖြစ်နေသော မေးစေ့ကလေးက အသွေးအသားတော်စပ်ခြင်းကို သာဓကပြနေသည့်ပမာ ဖြစ်သည်။

ပြောမယ့်သာပြောရသည်၊ နွယ်နွယ်ထွန်းတွင် ဦးကျော်ထွန်း၊ ဒေါ်နွယ်နွယ်တို့နှင့် တူမျှသောလက္ခဏာ မရှိလှပေ။ ဦးကျော်ထွန်းသည် အသားညိုညည်း၊ ဆံပင် ကောက်သည်။ နှာတံသည် ပေါ်လွင်လှပေသည်။ ဒေါ်နွယ်နွယ်ကမူ အသားဖြူသည်။ အဝါဘက်သို့ များစွာလုလျက် ဖြူပုံမျိုး။ မျက်နှာဝိုင်းသည်။ နှာတံမပေါ်လှ။ မျက်ခွံသည် ခပ်ပိပိနေသည်။

ဦးကျော်ထွန်း၏ အသွင်မှာ ရိုးသားတည်ငြိမ်လျက် မျှတသည်းခံတတ်သော သဘောကို ဆောင်သည်။ ဒေါ်နွယ်နွယ်၏ဟန်မှာ နားလည်လွယ်လျက် သဘောသကာယ ကောင်းမွန်အေးဆေးခြင်းကို ဆောင်သည်။ နွယ်နွယ်ထွန်း၏ ဟန်မှာ ယင်းသဘောမျိုးကို များစွာ ဆောင်ယူခြင်း မရှိလှချေ။ နွယ်နွယ်ထွန်းတွင် လှုပ်ရှားတက်ကြွလျက် ဖျတ်လတ်သော ဟန်ရှိသည်။ ဒေါ်ရေနံ့သာခင်ခင်ကြီးတွင် တွေ့ရလေ့ရှိသည့် အေးစက်မာကျောသောမျက်လုံး၊ ပိရိသေသပ်သော နှုတ်ခမ်းလွှာများ ရှိသည်။ ရဲရဲစူးစူး အကြည့်နှင့် ခနိုးခနဲ့ အပြုံးမျိုးကိုလည်း တစ်ခါတစ်ရံ တွေ့ရတတ်သည်။

စင်စစ် နန်းကိန္နရီနှင့် နွယ်နွယ်ထွန်းတို့၏ ကွာခြားမှုမှာလည်း ဤသည်များပင် ဖြစ်သည်။ နန်းကိန္နရီ၏ မျက်လုံးများသည် ဝေရီခြင်းဘက်သို့ များစွာနွယ်နေသည်။ မျက်တောင်ကော့ကြီးများအကြားမှ မျက်ဝန်းမှာ လှုပ်ရှားနေတတ်သည်။ များစွာ ရဲစူးခြင်းမရှိ။ တည်ငြိမ်စူးစိုက်ခြင်းမရှိ၊ နှုတ်ခမ်းလွှာများက ပိရိတင်းကျပ်ခြင်း မရှိလှချေ။ အသွင်သဏ္ဌာန်ချင်း တူသည်ပင်ထား၊ ဟန်ချင်းကား ကွာခြားလှလေသည်။

ဆက်လက်ဖော်ပြပါမည်။

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

"နွယ်နွယ်ထွန်းသည် ထမင်းစားရင်းမှပင် ဒေါ်ရေနံ့သာခင်ခင်ကြီးအား မကြာခဏ လှမ်းကြည့်မိသည်။ ဒေါ်ရေနံ့သာခင်ခင်ကြီး၏ ရုပ်သွင်သည် ယခုအခါ ပြောင်းလွဲနေပေသည်။ လေဆိပ်မှာ ဆုံရစဉ်ကနှင့်မတူ၊ တက်ကြွဖျတ်လတ်နေသည်။ တည်ကြည်ခံ့ညားနေသည်။ စင်စစ် သည်အမျိုးသမီးကြီးမှာ မိမိ၏ မိခင်ပါကလား၊ မိမိအား ဝမ်းတွင်လွယ်လျက် မွေးဖွားခဲ့သူပါကလားဟု တွေးမိလာသောအခါ နွယ်နွယ်ထွန်း၏ရင်မှာ သိမ့်ခါလှုပ်ယမ်းသွားသည်။ ဒေါ်ရေနံ့သာခင်ခင်ကြီး ကိုယ်တိုင်ကလည်း"

အနှုံးအညွှတ်တောင်းပန်ခြင်း

ဆရာကြီး ဦးလှထွန်းအောင် (ပါမောက္ခချုပ်-ငြိမ်း) ကွယ်လွန်သည်ဟု သတင်းစကားကို မှားယွင်းကြားသိခဲ့ရသဖြင့် ဆရာကြီး၏လုပ်ငန်းဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်၍ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၂၂)စာအုပ်တွင် ထည့်သွင်းဖော်ပြသင့်သည်ဟုယူဆကာ ဆရာကြီး၏ အတ္ထုပ္ပတ္တိကို မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၂၂)စာအုပ်၏ ကွယ်လွန်သူ ထင်ရှားအုပ်ချုပ် စာမျက်နှာ(၂၄၅-၂၄၆)တွင် ရေးသားဖော်ပြခဲ့မိပါသည်။ အဆိုပါ မှားယွင်းရေးသားခဲ့မှုမှာ စေတနာဖြင့် မှားယွင်းဖော်ပြခဲ့မှုသာဖြစ်ပါကြောင်း ဆရာကြီး၏ မိသားစုဝင်များထံ ကိုယ်တိုင် သွားရောက်တောင်းပန်ခဲ့ပြီး ဖြစ်ပါကြောင်းနှင့် သတင်းစာမှနေ၍လည်း အနှုံးအညွှတ် ထပ်မံတောင်းပန်အပ်ပါသည်။

ကေအက်စ်
ဦးခင်စိုး(စိုးစိုး-ပန်းတောင်း)
မြန်မာ့ရည်ညွှန်းကျမ်းစီစဉ်ရေးအဖွဲ့၊ အဖွဲ့ဝင်

ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်မင်းထက်အောင် [၅/တဆန(နိုင်)၁၅၂၆၃၅]၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၃၆၂၂၇၆၇

ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်မိချိုလင်း [၁/ဟပန(နိုင်)၀၀၆၁၆၁]၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၃၆၂၂၇၆၇

ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်လေကာနတ် [၁/ဝမန(နိုင်)၁၁၄၇၇၀]၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၈၀၇၁၆၂၄

ပတ်စ်ပို့ပျောက်

ကျွန်မ မဟီမာရဲ့[၁/ပတအ(နိုင်)၀၆၁၂၆၈]၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၅၅၄၅၅၁၀၁

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ၇-ရပ်ကွက်၊ ၅၇-လမ်း၊ အမှတ်(၇၄-ဘီ) ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ် နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅၊ မြေကွက်အမှတ်-၅၁-/၂၊ ဧရိယာ(၀.၀၅၁)ဧက၊ မြေအမျိုးအစား- မြေပိုင်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းအမည်ပေါက် ပိုင်ရှင်များဖြစ်ကြသည့် ဦးမောင်မောင်ဦး[၁/ဗမန(နိုင်)၀၄၈၀၇၅၂]နှင့် ဒေါ်ကာဒူဂျာတောင် [၁/မည၊(နိုင်)၀၈၈၁၅၆]တို့က မိမိတို့တရားဝင်ပိုင်ဆိုင်၍ လွဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဟိန်းစိုး ဦးသန်းဦး
အထက်တန်းရှေ့နေ(စဉ်-၄၈၉၃၃) တရားလွတ်တော်ရှေ့နေ(စဉ်-၁၀၈၇၅)
အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဇွသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၇/မြို့မအနောက်ရပ်၊ ဧဝနဒီပရပ်ကွက်မှ မြေဧရိယာ(၀.၀၅၅)ဧကရှိ မြေကွက်အမှတ်(၀-၃၀၂၃၅)၏ မြေချပါမစ်(စလစ်)မူရင်းပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဦးတင်ရွှေ[၁/ဥကတ(နိုင်)၁၃၅၁၀၁]အဖအမည် ဦးခွမ်စွန်မှ မြေချပါမစ်(စလစ်)မိတ္တူမှန်ထုတ်ပေးပါရန် မြေချပါမစ်(စလစ်)မူရင်းပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်၊ ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၃၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနဓာ၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေချပါမစ်(စလစ်)မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဦးထွန်းထွန်း[၁၂/စခန(နိုင်)၀၀၉၈၅၅၆]ထံမှ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၉)လမ်း၊ တိုက်အမှတ်(၁၁၆)၏ (၆)လွှာ (ခေါင်းရင်းခန်း)အား ဝယ်ယူရန်အတွက် ဒေါ်ဝင်းဝင်းနွယ် [၁၂/ပဘတ(နိုင်)၀၂၇၉၄၂]သည် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်ရန်အကြောင်းတစ်စုတစ်ရာရှိပါက ဤကြေညာစာပါပြီး (၇)ရက်အတွင်း သက်သေအထောက်အထားခိုင်မာစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ဝင်းဝင်းနွယ် [၁၂/ပဘတ(နိုင်)၀၂၇၉၄၂]
ဖုန်း-၀၉-၅၅၀၁၁၉၂၊ ၀၉-၅၅၀၆၃၇၅

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/၄(နေဘေး)၊မြေကွက်အမှတ် ၁ ၅၂/ဃ၊ ဧရိယာ (၀.၀၃ ၂)ဧကအကြာကွက်တည်နေရာအမှတ်(၁ ၅၃/ဃ)၊ နေဘေးအိမ်ရာ၊(၆)ရပ်ကွက်လှိုင်သာယာမြို့နယ်၊ ခင်မောင်ညွန့်ရောင်းဝယ်ရေးကုဗဏီလီမိတက်၊ အမည်ပေါက်၊ပါမစ်မြေအား၊အမည်ပေါက်ထံမှ အရောင်းအဝယ်အရပ်ကတိစာရွက်ပြင်းဝယ်ယူသူ ဦးကွန်းနန်ဒု(၁/မကတ(နိုင်)၀၆၄၇၉၁)မှ ပယ်ဖျက်ပြီးတွင်ပြန်လည်ရောင်းချခွင့်ရှိကြောင်း ဝန်ခံပြောဆိုသည့် ဦးမင်းနိုင် [၉/မရတ(နိုင်)၀၇၃၈၀၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီသည့်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသော စာရွက်စာတမ်းများ၊ မူရင်းများ၊ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ကန့်ကွက်ခြင်းနှင့် ကန့်ကွက်ခံရသူ ဦးမောင်ဝေ၏ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်မာလာဆွေ
လွှဲအပ်ညွှန်ကြားချက်အရ - တရားလွှတ်တော်ရှေ့နေ(စဉ်-၆၄၆၆/၁၉၉၇)
LL.B.,H.G.P.,D.B.L.,D.M.L.,D.I.L.,D.A.Psy.,WIPO(Switzerland).
အမှတ်(၁၁)ဦးဘဟန်လမ်းသယ်နီ-ကျွန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ဖုန်း-၀၉ ၅၁ ၂၇၈ ၂၈၊ ၀၉ ၅၁၅၄၆၉၂

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၄၊ မြေကွက်အမှတ်-၅၇၊ မြေဧရိယာ (၄၀၀၀ x၆၀၀၀) အကျယ်အဝန်းရှိ ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်အပေါ် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၃၄-ရပ်ကွက်၊ ဗိုလ်ဗထူးလမ်း၊ အမှတ်-၅၇ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြို့မြေစာရင်းတွင် ဦးထွန်းအေး [၁/အစန(နိုင်) ၁၁၂၈၃၂]ဖြင့် မှတ်သားထားရှိပြီး ဦးထွန်းအေးထံမှ အရပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဦးမင်းနိုင် [၉/မရတ(နိုင်)၀၇၃၈၀၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီသည့်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသောစာရွက်စာတမ်းများ၊ မူရင်းများ၊ ကန့်ကွက်ခြင်းမရှိပါက ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဟိန်းစိုး ဦးသန်းဦး
အထက်တန်းရှေ့နေ(စဉ်-၄၈၉၃၃) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၇၅)
အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်တော်၊ ပုဇွသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅/ဒီဇဝါ)ဥယျာဉ်အိမ်ရာ)၊မြေကွက်အမှတ်(၂၉၉/၂၇)၊မြေကွက်တည်နေရာအမှတ်(၂၉၉/၂၇)၊သံသုမာလမ်း(၁၅/ဒီဇဝါ)ဥယျာဉ်အိမ်ရာ)၊တောင်ဥက္ကလာပဦးတင့်ဝေ(ဝိုင်အမ်အန်-၁၉၄၄၀၄)၊ဒေါ်ခင်စန်းမြင့်(တီစီကေ-၀၃၇၇၈၀)အမည်ပေါက်-ဦးတင့်ဝေ(ဝိုင်အမ်အန်-၁၉၄၄၀၄)၊ ဒေါ်ခင်စန်းမြင့်(တီစီကေ-၀၃၇၇၈၀)တို့နှစ်ဦးတွင်ဦးတင့်ဝေ(ခင်ပွန်း)သည်(၃၀-၇-၂၀၂၁)ရက်နေ့တွင်ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်-ဒေါ်ခင်စန်းမြင့်မှတစ်ဦးတည်းသောဇနီးတော်စပ်ကြောင်းကျမ်းကျိန်လွှာအမှတ်-၇၇၀/၂၀၂၂(၁၅-၂-၂၀၂၂)သေစာရင်း၊အိမ်ထောင်စုစာရင်း၊ဂရန်မူရင်းတို့တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်း၊အားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်တော်၊ ပုဇွသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်(၁-၃၀၂၃)၏ မြေချပါမစ်(စလစ်)မူရင်းပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဦးတင်ရွှေ[၁/ဥကတ(နိုင်)၁၃၅၁၀၁]အဖအမည် ဦးခွမ်စွန်မှ မြေချပါမစ်(စလစ်)မိတ္တူမှန်ထုတ်ပေးပါရန် မြေချပါမစ်(စလစ်)မူရင်းပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်၊ ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၃၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနဓာ၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေချပါမစ်(စလစ်)မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်တော်၊ ပုဇွသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်(၁-၃၀၂၃)၏ မြေချပါမစ်(စလစ်)မူရင်းပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဦးသန်းထိုက်[ဥ/ဥကတ(နိုင်)၀၇၄၇၄၁]ထံမှ ကျွန်တော်၏ မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ရာ အဆို ပါအိမ်မြေနှင့် ပတ်၍ ကန့်ကွက်လိုပါက တိကျမှန်မှန်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့ သတင်းစာပါသည့် ရက်မှစာ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့် အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသန်းထိုက်အောင် (LL.B) ဒေါ်ထူးသန္ဓာဦး(LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၁၆၃/၂၀၁၉) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၈၃/၂၀၁၉)
Aung Zabu Hein Legal Service
အမှတ်(၃၃၅)၊ မြေညီထပ်၊ (၁၀)ရပ်ကွက်၊ ဝလွိုကလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
Ph: 09 403159599 / 09 404410070

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်တော်၊ ပုဇွသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်(၁/ချင်းတွင်းအနောက်ရပ်)၊ သုခဒီဝရပ်ကွက်မှ မြေဧရိယာ(၀.၀၅၅)ဧကရှိ မြေကွက်အမှတ်(၀-၃၄၅၂/ဖ)၏၊ မြေချပါမစ်(စလစ်)မူရင်းပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဦးသန်းထိုက် မှတ်ပုံတင် အမှတ်[၉/လဝန(နိုင်)၀၃၇၈၅]ဆိုသောအမည်ဦးစိန်ကြီးမှ မြေချပါမစ်(စလစ်) မိတ္တူမှန်ထုတ်ပေးပါရန် မြေချပါမစ်(စလစ်)မူရင်းပျောက်ဆုံး ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက် မူရင်းများတင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်၊ ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၃၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနဓာ၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေချပါမစ်(စလစ်)မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

